# မြဝတီ

နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၄)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
၂၀၂၆ ခုနှစ်၊ မေ ၁၂ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသောသဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကိုမပြုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



# ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုး အဆောက်အအုံများ၏ ခေတ်အလိုက်အုတ်မြစ် တည်ဆောက်မှုစနစ်အား တူးဖော်သုတေသနပြုလျက်ရှိ မည်သူမဆို လာရောက်လေ့လာနိုင်

ညောင်ဦး မေ ၁၁

ပုဂံဒေသရှိ ခေတ်အဆက်ဆက်တည်ဆောက်ခဲ့သော ရှေးဟောင်းစေတီပုထိုး အဆောက်အအုံများ၏ မြေပြင်အောက်တွင် တည်ဆောက်ခဲ့သည့် အုတ်မြစ် တည်ဆောက်မှုစနစ်အားသိရှိနိုင်ရန် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) သုတေသနဌာနစုက တူးဖော်သုတေသနပြုလေ့လာလျက်ရှိသည်။

၂၀၂၃ ခုနှစ်မှစ၍ ခေတ်ကာလမတူညီသော ရှေးဟောင်းစေတီပုထိုးအဆောက် အအုံ ၁၂ ခု၏ အုတ်မြစ်တည်ဆောက်မှုစနစ်ကို တူးဖော်သုတေသနပြုလေ့လာခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် သဗ္ဗညုဂူဘုရားအနောက်ဘက် မီးမလောင်ကျောင်းအနီးရှိ ငကျွဲနားငွှေ့ေင်းစေတီ(ရှေးဟောင်းအဆောက်အအုံအမှတ်-၁၆၀၃)၊ ပုဂံရှေးဟောင်း သုတေသနပြတိုက်ရှေ့ရှိ ပေါက်ပင်ရာစေတီ (ရှေးဟောင်းအဆောက်အအုံအမှတ်- ၁၆၁၄)၊ ညောင်ဦး-ပုဂံမြို့ဟောင်းကားလမ်းဘေး မင်းအိုချမ်းသာဘုရားအရှေ့ဘက် ရှိ ရှေးဟောင်းအဆောက်အအုံအမှတ်-၁၉၀၅ တို့၏ အုတ်မြစ်တည်ဆောက်မှု စနစ်ကို တူးဖော်သုတေသနပြုမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ⇨

**ဆောင်းပါး**

**မှိုအဆိပ်သင့်မှုတားဆီးကာကွယ် မှိုငယ်ငယ်နဲ့ စျေးကွက်တွင်းအောင်မြင်ကြမယ်** စာ - ၁၁ သို့

**ကျွမ်းကျင် ကူညီ တပ်မတော်သူနာပြုများ ပီသစေမည်** စာ - ၁၃ သို့

**လူမှုရေးပင်စင် ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း** စာ - ၁၀ သို့

**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၁ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်** စာ - ၁၆ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၁၂ ရက်)

## နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားသည်သာအဓိက

မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ (၄၁) တွင် ပြဋ္ဌာန်းထားသည့် "နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။"ဆိုသည့်အတိုင်း ရပ်တည်ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကိုအခြေခံလျက် နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်ဆိုင်ရာအာဆီယံပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသီးသီးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက မြန်မာပြည်သူတစ်ရပ်လုံး၏ဆန္ဒနှင့်အညီ နိုင်ငံကို ဒီမိုကရေစီလမ်းမကြီးပေါ်သို့ ပြန်လည်ရောက်ရှိစေခဲ့သည်။ ရွေးကောက်ပွဲတွင် မြို့နယ်ပေါင်း ၂၆၃ မြို့နယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ၁၃ ဒသမ ၁၃ သန်းကျော်တို့က လွတ်လပ်စွာဆန္ဒမဲပေးခဲ့ကြခြင်းဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် ၅၄ ရာခိုင်နှုန်းကျော်ရှိသည်။ ရွေးကောက်ပွဲကို ပြည်တွင်းပြည်ပလေ့လာစောင့်ကြည့်သူများ၊ ပြည်တွင်းပြည်ပမီဒီယာများ လာရောက်လေ့လာစောင့်ကြည့်သတင်းရယူခဲ့ကြပြီး ရွေးကောက်ပွဲ၏ လွတ်လပ်မှု၊ တရားမျှတမှု၊ စနစ်တကျရှိမှု၊ မဲဆန္ဒရှင်ပြည်သူများ၏တက်ကြွမှု စသည်တို့အပေါ် အသိအမှတ်ပြုခဲ့ကြသည်။

အဆိုပါရွေးကောက်ပွဲတွင် ပြည်သူလူထုက လွတ်လပ်၍တက်ကြွစွာလာရောက်မဲပေးခဲ့ကြခြင်းမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားတို့၏ဒီမိုကရေစီဆိုင်ရာအခွင့်အရေးတို့ကို ဥပဒေနှင့်အညီရရှိရေးတို့ကို ဖော်ဆောင်နိုင်ရေးအတွက်ဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးနောက် လွှတ်တော်များနှင့်အစိုးရအဖွဲ့တို့ပေါ်ထွန်းလာပြီဖြစ်သည်။ ပြည်သူက ရွေးချယ်ခဲ့သည့်လွှတ်တော်နှင့် လွှတ်တော်ကရွေးချယ်တင်မြှောက်သည့်နိုင်ငံတော်သမ္မတဦးဆောင်သော အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီဖြစ်၍ မြန်မာ့နိုင်ငံရေးသည် အကောင်းဘက်သို့ဦးတည်နေပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ပြန်လည်ရှင်သန်လာခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထိုစဉ်အာဏာရအစိုးရက မဲမသမာမှုများကို ဆိုးရွားစွာပြုလုပ်ခဲ့ကြပြီး အဆိုပါရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း နိုင်ငံရေးပါတီများနှင့် ပြည်သူများက တောင်းဆိုမှုအရ စိစစ်စုံစမ်းခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ ၃၈ ဒသမ၂ သန်းကျော်အနက် မဲမသမာမှု ၁၁ ဒသမ ၃ သန်းကျော်ပေါ်ပေါက်ခဲ့ကြောင်း သိသာထင်ရှားစွာ စိစစ်တွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့သည်။ မသမာသောနည်းလမ်းများအသုံးပြု၍ အာဏာရယူလိုသည့်တာဝန်ရှိသူများတွင် အဂတိအမှုနှင့်အခြားသောပြစ်မှုတို့ကိုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သဖြင့် တရားဥပဒေနှင့်အညီ တရားရုံးကပြစ်မှုထင်ရှားစီရင်ခဲ့သည်။

မြန်မာနိုင်ငံ၏အပြုသဘောဆောင်သော နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အာဆီယံနိုင်ငံအများစုက နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် အနည်းငယ်သောနိုင်ငံများက မြန်မာအစိုးရအပေါ်ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းများကို ဆက်လက်ပြုလုပ်ရန်ကြိုးပမ်းနေပြီး အာဆီယံပဋိညာဉ်စာတမ်းအခန်း (၁)၊ အပိုဒ်(၂)ပါအခြေခံမူများကို ဖောက်ဖျက်၍ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဝေဖန်ပြောဆိုခြင်း၊ ဖိအားပေးခြင်းများကိုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံ၏ လုပ်ငန်းစဉ်များကို အာဆီယံတူညီဆန္ဒများနှင့်အညီ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် တာဝန်ယူမှုရှိသောအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံ၏ယန္တရားများနှင့် လှုပ်ရှားမှုများအတွက် နှစ်စဉ်ထည့်ဝင်ငွေများပေးဆောင်ခြင်းအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏တာဝန်ဝတ္တရားများကို အစဉ်တစိုက်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်းက အာဆီယံနိုင်ငံအချို့၏သဘောထားဖြင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများပြုလုပ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် စိတ်ရှည်သည်းခံ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အဆိုပါအပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်အစိုးရအသစ်လက်ထက်တွင် ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းနေမှုများမှာ ဒီမိုကရေစီနည်းလမ်းတကျမဲပေးခဲ့သည့် မြန်မာပြည်သူများ၏ဆန္ဒသဘောထားများကို လျစ်လျူရှုရာရောက်သည်။

မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံ၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြင်းမရှိသကဲ့သို့ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမျိုးကိုလည်း လက်ခံမည်မဟုတ်ပါ။ မြန်မာနိုင်ငံ၏ စိတ်ရင်းစေတနာကောင်းဖြင့် သဘောထားကြီးမားမှုအပေါ်အခွင့်ကောင်းယူ၍ ဝင်ရောက်စွက်ဖက်နေခြင်းမှာ ကောင်းမွန်သောလုပ်ဆောင်ချက်မဟုတ်ပါ။ မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေအပေါ် မူတည်၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် မြန်မာဦးဆောင်သည့် **မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် မြန်မာနိုင်ငံသားများ၏အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားများကာကွယ်စောင့်ရှောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်**သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**နေပြည်တော်  မေ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု ဖြုတ်ခွဲကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁၁ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်၊ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဖြုတ်ခွဲကျေးရွာ၌ အကျယ် ၄ လက်မခွဲ၊ အနက်ပေ ၂၀၀ ရှိသည့် စက်ရေတွင်းတူးဖော်ခြင်း၊ ၇ ဒသမ ၆ ကီလိုဝပ်ရှိသော ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖြုတ်ခွဲကျေးရွာ၌ အဆိုပါဆိုလာစနစ်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၉၄ သန်းအသုံးပြုပြီး ဌာနမှဝန်ထမ်းများစုဖွဲ့၍ မေလ ၂ ရက်က စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေဘ်လူး**

## VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**သာပေါင်း  မေ ၁၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ခတ္တိယကျေးရွာအုပ်စု မဲဇလီကုန်းကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေလ ၁၀ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်းသိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း( VDP) အကောင်အထည်ဖော်ဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များနှင့်ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးသည်။

မဲဇလီကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့်ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများအသုံးပြုကာ ရက် ၁၀၀ အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြီးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် | ၁၁။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး | ၁၂။ | ၁၅:၄၀ | ဇာတ်လမ်းတို |
| ၃။ | ၀၇:၀၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၃။ | ၁၇:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၄။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၄။ | ၁၇:၂၅ | မှတ်သားလိုက်နာပုံပမာ |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၅။ | ၁၈:၃၀ | ယဉ်ကျေးမှုအမွေ မြန်မာစာပေ |
| ၆။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် | ၁၆။ | ၁၉:၀၀ | CGTN NATURE (18) |
| ၇။ | ၀၈:၅၀ | ၁၂ လရာသီမှတ်တမ်း | ၁၇။ | ည ၈ နာရီ သတင်း အပြီး | နိုင်ငံတကာသတင်း |
| ၈။ | ၀၉:၂၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၈။ | | မိုးလေဝသသတင်း |
| ၉။ | ၁၀:၃၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၉။ | | သူတော်လမ်းပြဓမ္မဒါန |
| ၁၀။ | ၁၀:၄၅ | စိုက်ပျိုးသုတ | ၂၀။ | | တရားတော် |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုနှစ်မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပျိုးပင်ပေါင်းနှစ်သိန်းကျော် ဖြန့်ဝေစိုက်ပျိုးမည်

မုံရွာ မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များ၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်းနှစ်သိန်းကျော်ကို ဖြန့်ဝေစိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

ထိုသို့ဖြန့်ဝေရာတွင် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနလက်အောက်ရှိ ခရိုင်၊ မြို့နယ်များမှ ပျိုးဥယျာဉ်များ၌ တမာ၊ မည်စည်၊ မန်ကျည်း၊ စိန်ပန်း၊ ဗာဒံ၊ ပိတောက်၊ ကံ့ကော်၊ မဟော်ဂနီ၊ ရေတမာ၊ သပြေ၊ ကသစ်၊ ပုန်းညက်နှင့် ယူကလစ်အပါအဝင် ဒေသနှင့်ကိုက်ညီသော သစ်မျိုးများစွာပါဝင်သည့် ပျိုးပင်ပေါင်း ၂၀၃၅၀၀ ကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများထံ ဖြန့်ဝေစိုက်ပျိုးရန် အဆင်သင့်ပျိုးထောင်ထားကြောင်း သိရသည်။

"ဒီနှစ်မိုးရာသီမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တိုင်းဒေသကြီးအဆင့် သုံးပွဲ၊ ခရိုင်အဆင့် ရှစ်ပွဲနဲ့ မြို့နယ်အဆင့် ၁၁ ပွဲ ဆောင်ရွက်ပါမယ်။ ကျေးရွာထင်းစိုက်ခင်းတွေကိုလည်း တစ်ရွာကို နှစ်ဧကနှုန်းနဲ့ ကျေးရွာ ၁၇ ရွာမှာ စုစုပေါင်း ၃၄ ဧက စိုက်ပျိုးပါမယ်။ ဒါ့ပြင် လူထုဖြန့်ပျိုးပင်တွေအပါအဝင် စုစုပေါင်းပျိုးပင် နှစ်သိန်းကျော်ကို ဒီနှစ်ဇူလိုင်လကုန်မှာ အပြီးစိုက်ပျိုးနိုင်အောင် လျာထားဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလွင်(၂)ကပြောသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ရာသီဥတုပြောင်းလဲမှုကို တားဆီးကာကွယ်နိုင်ခြင်း၊ အရိပ်အာဝါသနှင့် သန့်ရှင်းသောလေကိုရရှိစေခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေခြင်း၊ နှစ်ရှည်သီးနှံပင်များမှတစ်ဆင့် စီးပွားရေးဝင်ငွေရရှိစေခြင်း စသည့်အကျိုးကျေးဇူးများစွာကိုရရှိသောကြောင့် နှစ်စဉ် မိုးဦးကျကာလတွင် ပျိုးပင်များဖြန့်ဝေပေးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ဆောင်ရွက်လျက်ရှိသည်။



သစ်ပင်စိုက်ပျိုးပွဲများကို သက်ဆိုင်ရာသစ်တောဦးစီးဌာနနှင့်အတူ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာ့မီးရထား၊ တခြားဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ကျောက်တံခါးမြို့နယ်၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကျောက်တံခါး မေ ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မေလ ၁၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ကလေးအလုပ်သမားနှင့်ပတ်သက်၍ ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးသူငယ်များကို ခိုင်းစေခြင်းမပြုရမည့် အလုပ်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေများ၊ ကလေးသူငယ်များကို လုပ်ကိုင်ခွင့်မပြုသည့်နေရာများ၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက် စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မျိုးမင်း(ကျောက်တံခါး)**

# ပခုက္ကူမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းဖွင့်လှစ်



ပခုက္ကူ မေ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ရက် ၁၀၀ စီမံချက်ဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို မေလ ၁၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းကာလအတွင်း သင်ကြားပို့ချပေးမည့်ဘာသာရပ်များနှင့် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး သန်းဝင်းက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက လက်ရက်ကန်းနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လက်ရက်ကန်းသုံးကုန်ကြမ်းနှင့် ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို မေလ ၁၁ ရက်မှ ဇွန်လ ၉ ရက်အထိနှင့် ဒီဇိုင်းအထူးပြုဖဲနှတ်ကောက်သင်တန်းကို ဇွန်လ ၁၇ ရက်မှ ဇူလိုင်လ ၁ ရက်အထိ သင်တန်းသား၊ သင်တန်းသူများကို စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးလျက်ရှိပြီး ထူးချွန်သူငါးဦးကို ရွေးချယ်၍ ကိုယ်ပိုင်လုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်ရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ညောင်ဦးမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ဦး မေ ၁၁


မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေးအတွက် မေလ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလုပ်ငန်းကော်မတီဝင်များနှင့်အတူ မြင်းကပါကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် ဆောင်ရွက်နေသော ကျေးလက်ရေရရှိရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြင်းကပါကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ 2 KW ဆိုလာတပ်ဆင်ခြင်းနှင့် အကျယ်အဝန်း ၅၆ ပေ x ၆ ပေ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ မေလ ၅ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မဝ်ကီ ကာတွန်း



# ကမ္ဘဖလ

တင့်တယ်

**"ကျွန်ုပ်သည် အသက် ၁၆ နှစ်အရွယ်သို့ ရောက်သောအခါတွင် အင်္ဂလိပ်မြန်မာခုနစ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုကာ အောင်မြင်ခဲ့ပေတော့သည်။ ဤသို့အားဖြင့် ကျွန်ုပ်မိခင်၏ ရည်ရွယ်ချက်သည် ကျွန်ုပ်၏ကိုယ်ပိုင်ရည်ရွယ်ချက်အဖြစ်သို့ ရောက်ရာမှ ရည်ရွယ်ချက်အတိုင်း ပေါက်မြောက်ရပေတော့သည်။ ရည်ရွယ်ချက်ပေါက်မြောက်အောင် ကြိုးစားရာ၌ ကျွန်ုပ်တစ်ဦးတည်း၏ ကြိုးပမ်းမှုသက်သက်ဖြင့်သာဆိုလျှင် အောင်မြင်ကောင်းမှ အောင်မြင်ပေမည် . . ."**

**ယမန်နေ့မှအဆက်**

ထိုအခါမှစ၍ ကျွန်ုပ် အင်္ဂလိပ်စာအနည်းအကျဉ်းတတ်မြောက်မှန်းကို တစ်ကျောင်းလုံးသိကြသည်သာမက ကျောင်းနှင့်နီးစပ်သော ဒကာ၊ ဒကာမရပ်ကွက်၌လည်း ဆရာတော်ကြီးကိုယ်တိုင်က "ငါ့ကျောင်းမှာ အင်္ဂလိပ်စာတတ်ရှိသဟဲ့" ဟု ဂုဏ်ယူကာပြောခြင်းဖြင့် သတင်းအတော်ပျံ့နှံ့နေပေသည်။

သို့ဖြစ်ရာ ကျောင်းနှင့်နီးစပ်သူတစ်ဦးဖြစ်သော ပွဲစားတစ်ဦးသည် သူ့ထံသို့ သံကြိုးစာလာတိုင်း အင်္ဂလိပ်ကျောင်းသားများထံ အပူမကပ်တော့ဘဲ ကျွန်ုပ်ကိုသာလျှင် လာ၍အပူကပ်၏။ သူ့သံကြိုးစာကို ဖတ်ပြရာ၌ ရယ်ဖွယ်လေးတစ်ခုတွေ့ရပုံကို ရေးရပေဦးမည်။

သူ့သံကြိုးစာများမှာ အင်္ဂလိပ်ဘာသာ၌ အဓိပ္ပာယ်မရှိသောစကားများ ပါတတ်၏။ ဥပမာအားဖြင့် သံကြိုးစာတစ်စောင်၌ (BONEDINE) ဟူသော စာနှစ်လုံးသာပါ၏။ ကျွန်ုပ်က "ခင်ဗျာ့သံကြိုးက (အရိုး-ညစာစားသည်) လို့ ဆိုပါကလား။ ကျွန်တော်တော့ အဓိပ္ပာယ်မထွက်ဘူး" ဟုပြောရာ ထိုပွဲစားက "အဓိပ္ပာယ်ပြန်ဖို့ မလိုပါဘူးကွာ၊ အင်္ဂလိပ်စာလုံးပေါင်း အသံထွက်ကိုသာ ဖတ်ပြစမ်းပါ" ဟုဆို၏။ ကျွန်ုပ်လည်း "ဘီအိုအင်န်အီး (ဘုံး)၊ ဒီအိုင်အင်န်အီး (ဒိုင်း)၊ ဘုံးနဲ့ဒိုင်းနဲ့ နှစ်ခုပေါင်းတော့ (ဘုံးဒိုင်း) လို့ အသံထွက်တယ်"ဟု ဆိုသည်တွင် ထိုပွဲစားက "အေး...အေး... တော်ပါပြီ။ ငါ နားလည်ပြီ" ဟုပြော၍ သံကြိုးစာရွက်ကို ပြန်၍ယူ၏။ ကျွန်ုပ်မှာ အဓိပ္ပာယ်မရှိဘဲ စာတစ်လုံးကို တစ်ပဲပေး၍ သံကြိုးမရိုက်တန်ရာ တစ်ခုခုတော့ အဓိပ္ပာယ်ရှိရမည်ဟုတွေးလျက် သိချင်စိတ်ပို၍များပြားလာပြီးလျှင် "ခင်ဗျာ့အဓိပ္ပာယ်ကို ပြောစမ်းပါဦးဗျ၊ ဘာလဲ အရိုးကို ညစာစားသည်ဆိုတာ ဘာအဓိပ္ပာယ်လဲ" ဟု မေးမိ၏။ ထိုအခါ ပွဲစားက "ငါ့အဓိပ္ပာယ်နဲ့ ငါပါကွာ...၊ မသိချင်စမ်းပါနဲ့" ဟုဖြေ၏။ ဤတွင် ကျွန်ုပ်က "အင်း...ကောင်းပြီ... နောက်တစ်ခါသံကြိုးစာလာရင်ကျွန်တော့်ကို လာပြီးအဖတ်မခိုင်းနဲ့တော့၊ ခင်ဗျာ့ အဓိပ္ပာယ်လည်း မပြောချင်နေ" ဟု အကျပ်ကိုင်ရပေသည်။ ဤအခါမှာ ပွဲစားက ကျွန်ုပ်အနီးသို့ကပ်၍ လေသံဖြင့် "မင်း ဘယ်သူ့မှမပြောရဘူးနော် ကြားလား" ဟုပြောသဖြင့် ခေါင်းညိတ်လိုက်ရသည်တွင် သူက "(ဘုံးဒိုင်း) ဆိုတာကို ပြောင်းပြန်ဆိုလိုက်ရင် ဘာဖြစ်သလဲ... (ဘုံးဒိုင်း) က (ဒုံးဘိုင်း) ဖြစ်မသွားဘူးလား။ (ဒုံးဘိုင်း) ဆိုတာက အင်္ဂလိပ်စာစကား အစစ်ကွ မင်းမသိဘူးလား။ (ဒုံးဘိုင်) ဆိုရင် မဝယ်နဲ့လို့ ဆိုလိုတာပေါ့ကွ။ ဒီသံကြိုးဟာ ရန်ကုန်က ငါ့စပါးဒိုင်ဆီကလာတဲ့ သံကြိုး...စပါးဈေးကျမှာမို့ စပါးမဝယ်နဲ့လို့ သံကြိုးရိုက်လိုက်တာ ရန်ကုန်မှာ စပါးဈေးကျတယ်ဆိုရင် ဒီမှာ ငါက စပါးသိမ်းရပ်ပြီး ဈေးကျမှန်းမသိလို့ နင်းဝယ်နေတဲ့ တခြားပွဲစားတွေကို ငါသိမ်းထားတဲ့စပါးတွေ လက်လွှဲထိုးပြီး ရောင်းလိုက်ရင် ငါ့မှာအရှုံးမပေါ်ဘူးပေါ့ ကွ" ဟု ရှင်းပြ၏။ ကျွန်ုပ်လည်း (ဘုံးဒိုင်း) နှင့် DONT BUY (ဒုံးဘိုင်) တို့၏အကြောင်းကို နားလည်ရကာ ရယ်မောနေရပေသည်။ ရှေးမြန်မာပွဲစားတို့၏ဉာဏ်ရည်မှာ ယခုခေတ်သံရုံး လျှို့ဝှက်စာများရေးသော ဉာဏ်ရည်နှင့် မကွာလှပါပေ။

ခပ်တိုတိုဆိုရပါမူ ကျွန်ုပ်သည် အသက် ၁၆ နှစ်အရွယ်သို့ ရောက်သောအခါတွင် အင်္ဂလိပ်မြန်မာ ခုနစ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုကာ အောင်မြင်ခဲ့ပေတော့သည်။ ဤသို့အားဖြင့် ကျွန်ုပ်မိခင်၏ ရည်ရွယ်ချက်သည် ကျွန်ုပ်၏ကိုယ်ပိုင် ရည်ရွယ်ချက်အဖြစ်သို့ရောက်ရာမှ ရည်ရွယ်ချက်အတိုင်း ပေါက်မြောက်ရပေတော့သည်။ ရည်ရွယ်ချက်ပေါက်မြောက်အောင်ကြိုးစားရာ၌ ကျွန်ုပ်တစ်ဦးတည်း၏ ကြိုးပမ်းမှုသက်သက်ဖြင့်သာဆိုလျှင် အောင်မြင်ကောင်းမှ အောင်မြင်ပေမည်။ ယခုမူ အင်္ဂလိပ်စာပညာကို သင်ရာ၌ ကျွန်ုပ်၏ ကျေးဇူးရှင်များဖြစ်ကြသော အထည်သည်လင်မယားတို့ အကူအညီကို များစွာရခဲ့သောကြောင့်ပင် ကျွန်ုပ် မှန်းတိုင်း ပေါက်ခဲ့ရပေသည်။ သူတို့၏ကျေးဇူးနှင့် သူတို့၏အကူအညီတို့သည်လည်း ကျွန်ုပ်၏ဖြစ်စဉ်တွင် အစမှအဆုံးပါဝင်လျက် ကျွန်ုပ်၏ဘဝကိုလည်း အစမှအဆုံး အထိ ဖန်တီးပြုပြင်ပေးခဲ့လေသေးသည်။ ထိုအကြောင်းများကို ရေးဖွယ်များစွာ ကျန်သေး၏။ ယခုမူကား ကျွန်ုပ်၏ရည်ရွယ်ချက်များအကြောင်းကို ရေးသားနေဆဲဖြစ်၍ ကျန်သေးသော ရည်ရွယ်ချက်နှစ်ရပ်တို့၏အကြောင်းကို ဆက်လက်၍ ရေးရပေမည်ဖြစ်ရာ အကွက်သင့်လာသောနေရာသို့ကျမှ ကျွန်ုပ်၏ကျေးဇူးရှင်များ စောင့်ရှောက်မှုသည် ကျွန်ုပ်၏ဘဝလမ်းစဉ်ကို မည်မျှအထိ စီမံဖန်တီးဆုံးဖြတ်ပေးခဲ့သည်ကို ဖော်ပြရပေတော့မည်။

ကျွန်ုပ်၏ ဒုတိယရည်ရွယ်ချက်မှာကား ကျွန်ုပ်၏မိခင် သေခါနီးဆဲဆဲ၌ သေမည့်အိပ်ရာထက်မှ နောက်ဆုံးစကားအဖြစ်ဖြင့် မှာကြားသွားရှာပေသော "ငါ့သား ကြီးပြင်းရင် သားရဲ့ဘိုးဘိုးဆီကိုသွားပြီး ရွှေမန်ကျည်းတောင့်တွေကို တောင်းနော်" ဟူသောစကားအရ ကျွန်ုပ်၏အဘိုးထံသို့ သွားရောက်၍ ကျွန်ုပ်တို့ ပိုင်ထိုက်ဆိုင်ထိုက်သောအမွေအနှစ်ကို ရလိုရငြား တောင်း၍ကြည့်လိုခြင်းပင်ဖြစ်ပေသည်။

စင်စစ်ဆိုရပါလျှင် ခြောက်နှစ်သားအရွယ်ကတည်းက မိမရှိ၊ ဘမရှိတစ်ကောင်ကြွက်ဖြစ်လျက် ဘုန်းကြီးကျောင်းတွင် ကပ်ရပ်မှီခိုနေထိုင်ရသော ကျွန်ုပ်မှာ ငွေကြေးဆင်းရဲခြင်း၏ဒဏ်ကို လိုမ့်၍ ခံခဲ့ရပေသည်။ အဆုံးစကားပြောရမည်ဆိုလျှင် ကထိန်ခင်း၊ အဘိဓမ္မာတရားပွဲ၊ ဆွမ်းကျွေး စသည်တို့ကို ဆရာတော်ကြီးနောက်က ယပ်တောင်ထမ်း၊ ဖိနပ်ကိုင်၍ လိုက်ရစဉ်၌ တခြားကျောင်းသားတို့မှာ ရုပ်အင်္ကျီအသစ်၊ ပိုးလုံချည်များကို လှလှပပဝတ်ကြရပေသည်။ ကျွန်ုပ်တွင်ကား ပိုးလုံချည်တစ်ထည်တည်းသာရှိ၏။ ထိုပိုးလုံချည်မှာလည်း သူတကာလို တကယ့်ပိုးလုံချည်မဟုတ်။ ကျွန်ုပ်၏ကျေးဇူးရှင် အထည်သည်ကြီးမှာ ပုပျပ်ပျပ်ပိန်ပိန်ပါးပါးဖြစ်၍ လုံချည်ကွင်းကျယ်များကို သူနှင့်အဆင်သင့်စေရန် ဖြတ်တောက်ချုပ်လုပ်ရာမှ ပိုသမျှကို စပ်ဟပ်ချုပ်လုပ်ထားသော စပ်လုံချည်သာဖြစ်ပေသည်။ ကျွန်ုပ်၏ နေ့စဉ်အဝတ်ဖြစ်သော ချည်လုံချည်များမှာလည်း စပ်လုံချည်တွေသာများ၏။ အသက်ရှစ်နှစ်သားအရွယ်လောက်မှစ၍ အဝတ်အစား၏တန်ဖိုးကို နားလည်စပြုသော ကျွန်ုပ်မှာ ရွယ်တူသူငယ်ဖော်များ လှလှပပ ဝတ်စားသွားလာသည်ကိုမြင်လျှင် သွားရည်ကျ၍ တငေးတမောပင် ကြည့်မိခဲ့ပေသည်။

အစားမှာ ထမင်းသိုး၊ အဝတ်မှာ စပ်ပုဆိုး၊ အုံးရသော ခေါင်းအုံးမှာ ဝါးပိုးစသည်အားဖြင့် တကယ့်အောက်ဆုံးထစ်ဘဝ၌ရှိရသူ ကျွန်ုပ်သည် သူတစ်ပါးကို အားကျမိတိုင်း ကျွန်ုပ်အဘိုး ဦးနကီကြွယ်ဝချမ်းသာပုံတွေကို မိခင်ပြောခဲ့သမျှ အမှတ်ရ၏။ ငါ့အဘိုးဟာ ဒီလောက်ချမ်းသာလျက်သားနဲ့ ငါ့မှာတော့ ဆင်းရဲရလေခြင်းဟူသော ယူကျုံးမရသည့် စိတ်သည်လည်း အမြဲအားဖြင့် ရင်ထဲဝယ် ဖွဲမီးကဲ့သို့ တငွေ့ငွေ့လောင်၍နေပေသည်။ ထို့ကြောင့် ကျွန်ုပ်အဘိုးထံ ပြန်၍ ကပ်နိုင်လျှင် အင်္ဂလိပ်စာကို လိုလားသလောက် သင်နိုင်မည်။ ထမင်းသိုးစား၊ ဟင်းသိုးစားဘဝဖြင့် ခဝါသည်၊ အနှိပ်သည်၊ ရေထမ်း၊ ထင်းပေါက် ပြောက်သောက်ဘဝမှ ကင်းလွတ်မည်ဟူသော တွေးလုံးတို့သည်လည်း မီးခိုးမဆုံး မိုးမဆုံးရှိခဲ့၏။ သို့သော် ကျွန်ုပ်၏အဘိုးထံသို့ ကျွန်ုပ် ပြန်၍ကပ်နိုင်ရန်မှာ လက်ဦး၌ ကျွန်ုပ်သည် အဘိုးကို ကပ်နိုင်ဖို့ဉာဏ်ထွင်နိုင်ရန်ကို ထားဘိဦး အဘိုးရှိရာမြို့သို့ပင် အဘယ်ပုံ အဘယ်လမ်းဖြင့် သွားရမည်မှန်း မသိခဲ့သေးပေ။ တဖြည်းဖြည်းအသက်အရွယ်ကြီးပြင်းလာ၍ မျက်စိနှင့်နားကို ကားကားကြီးဖွင့်ထားခြင်း၊ တတ်အားသမျှ စုံစမ်းမေးမြန်းခြင်းတို့ကြောင့် အဘိုး ဘယ်မြို့၌နေသည်၊ ဘယ်ရပ်ကွက်၌နေသည်၊ ထိုမြို့ကို ရထားနှင့်သွားပါက အဘယ်နေရာ၌ ကူးတို့ကူး၍ ရထားဆက်စီးရသည်၊ သင်္ဘောနှင့်သွားပါက အဘယ်မျှကြာသည်၊ ကတ္တူကြုံကို စီး၍လိုက်ပါက အသက်အန္တရာယ်ပို၍များသော်လည်း ခရီးစရိတ်သက်သာသည် စသောအချက်အလက်များအားလုံးကို စုံစုံစေ့စေ့သိလာ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## သရက်ချောင်းမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)သင်တန်းဆင်း

သရက်ချောင်း မေ ၁၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)သင်တန်းဆင်းပွဲကို မေလ ၁၀ ရက်က သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြေဆီလွှာပြုပြင်ခြင်း၊ သဘာဝမြေဩဇာသုံးစွဲခြင်း၊ ပိုးမွှားနှိမ်နင်းခြင်းနှင့် GAP စံချိန်စံညွှန်းများကို မေလ ၁ ရက်မှ ၁၀ ရက်အထိ သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**အထွေး**

---

## တိုက်ကြီးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို မေလ ၁၁ ရက်တွင် တိုက်ကြီးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိလာမည့်ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာဆိုးကျိုးများ၊ ဥပဒေနှင့် လုံခြုံရေးဆိုင်ရာအန္တရာယ်များကို အသိပညာပေးပြောကြားသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း အိန္ဒိယတပ်မတော်အနေဖြင့် UN Peacekeeping ဆိုင်ရာ လုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်းများနှင့် မြန်မာ-အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ လေ့ကျင့်ခန်းများတွင် ပူးပေါင်းလေ့ကျင့်ခဲ့မှုမှတ်တမ်းများအား လေ့လာကြည့်ရှုစဉ်။

➢ **ကျောဖုံးမှအဆက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်အနေဖြင့် UN Peacekeeping ဆိုင်ရာလုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်းများနှင့် မြန်မာ-အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ လေ့ကျင့်ခန်းများတွင် ပူးပေါင်းလေ့ကျင့်ခဲ့မှုမှတ်တမ်းများအား လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် သင်တန်းဖွင့်ပွဲအခမ်းအနားအား ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အခမ်းအနားတက်ရောက်လာကြသူများက " Indian Army Contribution to the United Nation Peacekeeping Operations" Video Clip ကို ကြည့်ရှုကြပြီးနောက် အိန္ဒိယနိုင်ငံ Center for United Nations Peace-keeping (CUNPK)မှ သင်တန်းနည်းပြခေါင်းဆောင်က သင်တန်းရည်ရွယ်ချက်နှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ လေ့ကျင့်မှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သင်တန်းနည်းပြခေါင်းဆောင်တို့က အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီးနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များ၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသည် (၉) ကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ သင်တန်းသား အရာရှိ ၃၀ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်းသိရှိရသည်။ သင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းများ၏သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့များစောင့်ထိန်းလိုက်နာရမည့်ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များအားကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက်ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေးဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း BlueHelmet စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး မေလ ၂၂ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ကျေးလက်ရေပေးဝေရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကြည့်ရှုစစ်ဆေး

ဘားအံ မေ ၁၁

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့နယ် အိန္ဒူကျေးရွာအုပ်စု မိုက်အောင်ကျေးရွာနှင့် ကော့စိန်ဘန် အထက်ကျေးရွာတို့ရှိ ကျေးလက်ရေပေးဝေရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ အိန္ဒူကျေးရွာအုပ်စု မိုက်အောင်ကျေးရွာတွင် ကျေးရွာရေရရှိရေး ၄ ဒသမ ၅ လက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ 5 KW ဆိုလာစနစ်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် နေအိမ်များသို့ အိမ်တိုင်ရာရောက်ရေပေးဝေနိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောင်းတိုက်ဓမ္မာရုံ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ကော့စိန်ဘန်အထက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်သော အသင်းသူနန်းကေသီလင်း၏ ဖူးစားပြောင်းနှင့်ကြံစိုက်ခင်း၊ အသင်းသူနန်းအေးသီရိထွန်း၏ ဆိတ်နှင့်နွားတစ်ပိုင်တစ်နိုင်မွေးမြူရေးခြံ၊ အသင်းသား ဦးစောဇင်မင်းအောင်၏ ပဲတောင့်ရှည်နှင့်သခွားစိုက်ခင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဖလမ်းမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟားခါး မေ ၁၁

ဖလမ်းမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိ မြို့ဖများနှင့် ဖလမ်းမြို့နယ်မှ ယာယီနေရပ်စွန့်ခွာပြည်သူကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဖလမ်းမြို့နယ်ပြန်လည်ထူထောင်ရေး ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ရန်ကမ်းလှမ်းလာသည့် ဆေးရုံအုပ်ကြီးတစ်ဦးအပါအဝင် လူပုဂ္ဂိုလ်များ ရှိသည့်အတွက် ပြန်လည်ထူထောင်ရေးနှင့် ကာလရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျရာကဏ္ဍမှပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကို လက်ကမ်းကြိုဆိုပါကြောင်း၊ အစိုးရ၊ လွှတ်တော်နှင့် ပြည်သူတစ်ရပ်လုံးလက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပါက မည်သည့်ကိစ္စမဆို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ဆွေးနွေးတင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအတွက် ငွေကျပ်သိန်း ၂၀၀၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

⇨ **ရှေ့ဖုံးမှအဆက်**

တူးဖော်သုတေသနပြုနေမှုများနှင့်ပတ်သက်၍ လေ့လာလိုသည့်သုတေသီများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုမှုများကို စိတ်ပါဝင်စားသည့် မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူးထံမှသိရသည်။

**ဒီပါလင်း**

## ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေသြဇာနှင့်မြေပြုပြင်မြေသြဇာများ စနစ်တကျတွဲဖက်အသုံးပြုရေးပညာပေး

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံသကြားစက်ရုံ၌ ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေသြဇာနှင့်မြေပြုပြင်မြေသြဇာများ စနစ်တကျတွဲဖက်အသုံးပြုရေး ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာစိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးက ကြံစိုက်ခင်းမှထွက်ရှိလာသော ကြံရွက်ခြောက်များအား သဘာဝမြေဆွေးပြုလုပ်သုံးစွဲခြင်း၊ သကြားစက်ရုံမှကြံကြိတ်ဝါးထွက်ရှိလာသော ဘေးထွက်ပစ္စည်းဖြစ်သည့် ကြံမြှုပ်ချေးများအား ကြံစိုက်ခင်းများတွင် ထည့်သွင်းအသုံးပြုခြင်း၊ သစ်စိမ်းမြေသြဇာစိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်းတို့ဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများကို ဆွေးနွေးကာ ကြံသီးနှံမျိုးသန့်ခြံ(ဥက္ကံ) တာဝန်ခံက ကြံသီးနှံမျိုးကောင်း၊ မျိုးသန့်များပြောင်းလဲစိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်း တစ်ဧကတန် ၃၀ ထွက်ရှိရေး နည်းပညာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံက စပါးခွံမှ သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်းနှင့် ငါးအမိုင်နိုအက်စစ်ပြုလုပ်သုံးစွဲခြင်း နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

# မတ္တရာမြို့နယ်၌ စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေး ဒုတိယအကြိမ် မျိုးစေ့များပေးအပ်

မတ္တရာ မေ ၁၁


မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ စိုက်ပျိုးရေးကဏ္ဍပြန်လည်ထူထောင်ရေး ဒုတိယအကြိမ် မျိုးစေ့များပေးအပ်ပွဲကို မေလ ၁၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးလှမျိုး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးအောင်အောင်ထွန်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက စိုက်ပျိုးရေးကဏ္ဍပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ ပြောကြားပြီး တက်ရောက်လာကြသော တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်သီတာက မြို့နယ်အတွင်း မျိုးစပါးမျိုးစေ့ထုတ်ယူရရှိမှုအခြေအနေများနှင့် လယ်မြေများအတွင်း သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)ထည့်သွင်းအသုံးပြုခြင်း၏အကျိုးကျေးဇူးများကိုပြောကြားပြီး မျိုးစပါးတင်း ၂၅၀၊ နေကြာ ဧက ၅၀၊ ပိုက်ဆန်လျှော် ဧက ၅၀၊ နှမ်းဧက ၂၀နှင့် ပဲတီစိမ်း ၁၀ ဧကအတွက် မျိုးစေ့များကို တာဝန်ရှိသူများကပေးအပ်ရာ ဒေသခံတောင်သူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့်အဖွဲ့သည် စိုက်ပျိုးထားရှိသော အောင်နိုင်တိုးစပါးမျိုးနှင့် မနောသုခစပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

ရွှေရာသား




# မော်လမြိုင်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

မော်လမြိုင် မေ ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မေလ ၁၀ ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ရွှေပြည်အေး)၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်ဌေးက ရပ်ကွက်၊ ကျေးရွာများအတွင်း မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များ၊ ခိုးမှု၊လုယက်မှု၊ မုဒိမ်းမှု စသည့်မှုခင်းဆိုင်ရာများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပြစ်မှု/ပြစ်ဒဏ်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ကံ့ကော်ဖြူက လောင်းကစားနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ အမှတ်(၃၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှူး ရဲမှူး ရန်နိုင်ထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး အကြောင်းအရာများကိုလည်းကောင်း၊ အမှတ်(၉)လူကုန်ကူးမှု တားဆီးကာကွယ်နှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲ ရဲအုပ်စိုးမြင့်အောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသီးသီးအသိပညာပေးဟောပြောပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ဝေသော မှုခင်းကြိုတင်ကာကွယ်ခြင်းနှင့် မှုခင်းကျဆင်းရေးအသိပညာပေး လက်ကမ်းစာစောင်နှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်အဆင့် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

မော်လမြိုင်ကျွန်း မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲကို မေလ ၁၁ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့်လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ရင်း စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများ အချိတ်အဆက်မိမိတိုးတက်ရေးကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကဏ္ဍအလိုက် GDP ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးအတွက် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် မျှော်မှန်းချက်ရရှိရေးဆောင်ရွက်ရန်၊ ထို့ပြင် သီးနှံတစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများ၏ တင်ဒါလုပ်ငန်းများကို ညွှန်ကြားချက်၊ စည်းကမ်းများနှင့်အညီ အချိန်မီပြီးစီးရေး လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာဆန်းတို့က မြို့နယ်အဆင့် ဒေသန္တရစီမံကိန်းတာဝန်များအား သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

# ရေနံချောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်းဆင်း

ရေနံချောင်း မေ ၁၁

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို မေလ ၁၀ ရက်က ဘဲဆိပ်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှထွေး၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်းတို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှသင်တန်းနည်းပြဆရာမ ဒေါ်စုဝေဖြိုးက သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားပေးသော သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်နှင့် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းတို့က ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းက သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းများကို မေလ ၆ ရက်မှ ၁၀ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

နော်လူး



# နွေရာသီအခြေခံကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းဖွင့်လှစ်

တောင်ကြီး မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့မရပ်ကွက်ရှိ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ မေလ ၁၁ ရက် နံနက်ပိုင်းတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယအကြိမ်ဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေက ယနေ့ဖွင့်လှစ်သည့် သင်တန်းများသည် လူငယ်များအတွက် အလွန်အကျိုးရှိသည့် သင်တန်းများဖြစ်ကြောင်း၊ ကွန်ပျူတာပညာရပ်သည်နည်းပညာခေတ်တွင် မဖြစ်မနေ သင်ကြားတတ်မြောက်ထားရမည့် ပညာရပ်တစ်ခုဖြစ်သကဲ့သို့ အင်္ဂလိပ်ဘာသာစကားသည်လည်း မဖြစ်မနေ သင်ကြားတတ်မြောက်ထားရမည့်ဘာသာရပ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေက သင်တန်းအတွက် ပံ့ပိုးငွေကျပ် ၅၉၆၀၀၀ နှင့် သင်ထောက်ကူပစ္စည်းများကိုပေးအပ်ရာ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေနှင့် တောင်ကြီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့က အသီးသီးလက်ခံရယူကြသည်။

အဆိုပါနွေရာသီအခြေခံကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးခန့် တက်ရောက်ပြီး သင်တန်းကို မေလ ၂၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်ဆွေးနွေးပွဲကျင်းပ

မြောင်းမြ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြရွှေဝါခန်းမ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို မေလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန္ဒာအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်တို့က အဖွင့်အမှာစကားများပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်မင်းထွန်းက သုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသက်မင်းထွန်းက လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးညှိနှိုင်းကြောင်း သိရသည်။

(၄၀၇)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၅-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်

၂။ ၁၁:၅၀ လှပကျန်းမာ

၃။ ၁၄:၅၀ Speech On Air

၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း

၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ

၆။ ၂၁:၂၀ Memory Box

# နိုင်ငံ့သားကောင်းတာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများ အနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။

(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။

(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့်ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့်မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့်ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

- ◆ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ◆ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ◆ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ◆ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ◆ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ◆ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ◆ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ◆ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ◆ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ◆ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့်ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ဟန်တာဗိုင်းရပ်ရောဂါအကြောင်းသိကောင်းစရာ

ဒေါက်တာသိင်္ဂီကျော်

ဟန်တာဗိုင်းရပ်များသည် ကြွက်များမှသယ်ဆောင်လာသော ဗိုင်းရပ်အုပ်စုတစ်ခုဖြစ်ပြီး လူသားများတွင် ဟန်တာဗိုင်းရပ်များ ကူးစက်ခံရခြင်းသည် ပြင်းထန်သောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်သည့် ဟန်တာဗိုင်းရပ် နှလုံးအဆုတ်ရောဂါလက္ခဏာစုကျောက်ကပ်ရောဂါနှင့် သွေးယိုစိမ့်ဖျားနာခြင်းကိုဖြစ်စေပြီး အသက်သေဆုံးနိုင်သည်။ လူများသည် များသောအားဖြင့် ရောဂါပိုးကူးစက်ခံရသော ကြွက်များ သို့မဟုတ် ၎င်းတို့၏ ဆီး၊ မစင် သို့မဟုတ် တံတွေးများနှင့်ထိတွေ့မိခြင်းဖြင့် ကူးစက်လေ့ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဟန်တာဗိုင်းရပ်သည် အဓိကအားဖြင့် တိရစ္ဆာန်မှ လူသို့ကူးစက်သော်လည်း လူများကြား တိုက်ရိုက်ပျံ့နှံ့နိုင်ကြောင်း မှတ်ချက်ပြုထားသည်။

ဟန်တာဗိုင်းရပ်ကူးစက်မှုများသည် ကမ္ဘာတစ်ဝန်းတွင် ရှားပါးသော်လည်း အာရှနှင့် ဥရောပတွင် ၁-၁၅ ရာခိုင်နှုန်းအောက်နှင့် အမေရိကတွင် ၅၀ ရာခိုင်နှုန်းအထိ သေဆုံးမှုနှုန်းနှင့် ဆက်စပ်နေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကူးစက်မှု ၁၀၀၀၀ မှ ၁၀၀၀၀၀ ကျော် ဖြစ်ပွားသည်ဟု ခန့်မှန်းရပြီး အာရှနှင့် ဥရောပတွင် ဝန်ထုပ်ဝန်ပိုးအများဆုံးဖြစ်သည်။ အရှေ့အာရှ အထူးသဖြင့် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် နှစ်စဉ်ဖြစ်ပွားမှုထောင်ပေါင်းများစွာရှိခဲ့သော်လည်း မကြာသေးမီဆယ်စုနှစ်များအတွင်း ဖြစ်ပွားမှုနှုန်းကျဆင်းသွားခဲ့သည်။ ဥရောပမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် နှစ်စဉ်ဖြစ်ပွားမှုထောင်ပေါင်းများစွာရှိကြောင်း အစီရင်ခံတင်ပြကြသည်။ အမေရိကတိုက်တွင် နှစ်စဉ်ရာပေါင်းများစွာ ဖြစ်ပွားသည်။ အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပွားမှု ၁၀၀၀ အောက်သာ အစီရင်ခံတင်ပြထားပြီး အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီနှင့် ပါရာဂွေးကဲ့သို့သော တောင်အမေရိကနိုင်ငံများသည် နှစ်စဉ် ဖြစ်ပွားမှုအနည်းငယ်သာရှိကြောင်း အစီရင်ခံတင်ပြသည်။ ဖြစ်ပွားမှုနှုန်း နည်းပါးသော်လည်း ပြင်းထန်သောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပြီး ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းကြားရှိသောကြောင့် ဟန်တာဗိုင်းရပ်ကူးစက်မှုသည် အဓိကပြည်သူ့ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုတစ်ခုဖြစ်စေသည်။

### ကူးစက်နိုင်သောနည်းလမ်းများ

ဟန်တာဗိုင်းရပ်ပိုးများ လူသားများထံ ကူးစက်ခြင်းသည် ကူးစက်ခံထားရသောကြွက်များ၏ ညစ်ညမ်းသော ဆီး၊ မစင် သို့မဟုတ် တံတွေးများနှင့် ထိတွေ့ခြင်းမှ ဖြစ်ပွားသည်။ ကြွက်ကိုက်ခြင်းမှတစ်ဆင့်လည်း ကူးစက်နိုင်သည်။ လယ်ယာလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် ကြွက်များပေါက်ပွားသောနေအိမ်များနှင့်နေရာများတွင် အိပ်စက်ခြင်းကဲ့သို့သော ကြွက်များနှင့် ထိတွေ့မှုအန္တရာယ်ရှိသူများသည် ဗိုင်းရပ်ကူးစက်ခံရနိုင်သည်။ ယနေ့အထိ လူမှလူသို့ကူးစက်ခြင်းမှာ ရှားပါးနေဆဲဖြစ်သော်

**"ဟန်တာဗိုင်းရပ်ပိုးများ လူသားများထံ ကူးစက်ခြင်းသည် ကူးစက်ခံထားရသော ကြွက်များ၏ ညစ်ညမ်းသော ဆီး၊ မစင် သို့မဟုတ် တံတွေးများနှင့် ထိတွေ့ခြင်းမှ ဖြစ်ပွားသည်။ ကြွက်ကိုက်ခြင်းမှတစ်ဆင့်လည်း ကူးစက်နိုင်သည်။ လယ်ယာလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့်ကြွက်များ ပေါက်ပွားသောနေအိမ်များနှင့်နေရာများတွင် အိပ်စက်ခြင်းကဲ့သို့သော ကြွက်များနှင့် ထိတွေ့မှုအန္တရာယ်ရှိသူများသည် ဗိုင်းရပ်ကူးစက်ခံရနိုင်သည် . . ."**

လည်း လူများကြား ကူးစက်ခြင်းသည် အထူးသဖြင့် အိမ်ထောင်စုဝင်များ သို့မဟုတ် ရင်းနှီးသူများကြား အနီးကပ် ကြာရှည်စွာ ထိတွေ့မှုနှင့် ဆက်စပ်နေပြီး ရောဂါအစောပိုင်းအဆင့်တွင် ဗိုင်းရပ်ပိုမိုကူးစက်နိုင်သည်ဟုယူဆထားသည်။

### ရောဂါလက္ခဏာများ

လူသားများတွင် ရောဂါလက္ခဏာများသည် ထိတွေ့ပြီးနောက် တစ်ပတ်မှ ရှစ်ပတ်အတွင်း စတင်လေ့ရှိပြီး ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်းနှင့် ဝမ်းဗိုက်နာကျင်ခြင်း၊ ပျို့အန်ခြင်းကဲ့သို့သော အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများပါဝင်လေ့ရှိသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများတွင် ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အဆုတ်တွင် အရည်စုပုံခြင်းအထိ လျင်မြန်စွာဖြစ်လာနိုင်သည်။ နောက်ပိုင်းတွင် သွေးပေါင်ချိန်ကျခြင်း၊ သွေးယိုစီးမှုများနှင့် ကျောက်ကပ်ပျက်စီးခြင်းတို့ဖြစ်စေပြီး အသက်သေဆုံးနိုင်သည်။

### ရောဂါရှာဖွေခြင်း

ဟန်တာဗိုင်းရပ်ကူးစက်မှု၏ အစောပိုင်းလက္ခဏာများသည် အဖြစ်များသော တုပ်ကွေး၊ ကိုဗစ်-၁၉၊ ဗိုင်းရပ် အဆုတ်ရောင်ရောဂါ၊ သွေးလွန်တုပ်ကွေးကဲ့သို့သောဖျားနာမှု သို့မဟုတ် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့်ဆင်တူသောကြောင့် အစောပိုင်းတွင် ရောဂါရှာဖွေခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်သည်။ထို့ကြောင့် လူနာရာဇဝင်သည် အရေးကြီးပြီး ကြွက်များနှင့်ထိတွေ့မှု၊ အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များ၊ ခရီးသွားမှတ်တမ်းနှင့် ဟန်တာဗိုင်းရပ် ကူးစက်ထားသောလူနာများနှင့်ထိတွေ့မှုတို့ကို အထူးဂရုပြုသင့်သည်။ ဟန်တာဗိုင်းရပ်ရောဂါရှာဖွေခြင်းသည် အဓိကအားဖြင့် လူနာများ၏သွေးရည်ကြည်တွင် ပဋိပစ္စည်းများကို ရှာဖွေစစ်ဆေးရန်လိုအပ်သည်။

### ဟန်တာဗိုင်းရပ်ရောဂါကုသမှုနှင့် စီမံခန့်ခွဲခြင်း

ဟန်တာဗိုင်းရပ်ကူးစက်မှုအတွက် သီးသန့်ဗိုင်းရပ်ကုသမှု သို့မဟုတ် ကာကွယ်ဆေးမရှိသေးပါ။ အဓိကအားဖြင့် ရောဂါလက္ခဏာများ အသက်ရှူလမ်းကြောင်းဆိုင်ရာ၊ နှလုံးနှင့် ကျောက်ကပ်ဆိုင်ရာ နောက်ဆက်တွဲပြဿနာများကိုအနီးကပ်စောင့်ကြည့်ခြင်းအပေါ် အာရုံစိုက်မှုလိုအပ်သည်။ အထူးသဖြင့် ဟန်တာဗိုင်းရပ် နှလုံးအဆုတ်ရောဂါလက္ခဏာရှိသော လူနာများအတွက် အောက်ဆီဂျင်ကုထုံးအပါအဝင် အစောပိုင်း အထူးကြပ်မတ်ကုသမှုဖြင့် ရလဒ်များကို တိုးတက်ကောင်းမွန်စေနိုင်သည်။ ဥရောပတွင် ပြင်းထန်သောဟန်တာဗိုင်းရပ်ကူးစက်မှုများတွင် Ribavirin ကိုအသုံးပြုကြောင်း သိရသည်။

### ကာကွယ်ရေးအစီအမံများ

ဟန်တာဗိုင်းရပ်ကူးစက်မှုကို ကာကွယ်ခြင်းသည် လူနှင့် ကြွက်များကြား ထိတွေ့မှုများကို လျှော့ချခြင်းအပေါ် အဓိကမူတည်သည်။ အိမ်များနှင့် အလုပ်ခွင်များကို သန့်ရှင်းစွာထားရှိခြင်း ၊ အဆောက်အအုံများထဲသို့ ကြွက်များဝင်ရောက်နိုင်မည့်အပေါက်များကို လုံအောင်ပိတ်ခြင်း၊ အစားအစာများကို လုံခြုံစွာသိမ်းဆည်းခြင်း၊ ကြွက်များညစ်ညမ်းနေသောနေရာများတွင် ဘေးကင်းသောသန့်ရှင်းရေးလုပ်ငန်းစဉ်များကို အသုံးပြုခြင်း၊ သန့်ရှင်းရေးမလုပ်မီ တံခါး၊ ပြတင်းပေါက်များကိုဖွင့်ပြီး မိနစ် ၃၀ ခန့် လေဝင်လေထွက်ကောင်းအောင်ထားခြင်း၊ ခြောက်သွေ့စွာ တံမြက်စည်းလှည်းခြင်း သို့မဟုတ် ကြွက်ချေးများကို ဖုန်စုပ်စက်ဖြင့်စုပ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ လက်အိတ်ဝတ်ဆင်ရန်၊ သန့်ရှင်းရေးမလုပ်မီ ညစ်ညမ်းနေသောနေရာများကို ပိုးသတ်ဆေးဖြင့် ဖျန်းပြီးနောက် သန့်ရှင်းရေးလုပ်ရန်နှင့် လက်သန့်ရှင်းရေးလုပ်ငန်းစဉ်များကိုလိုက်နာရန် အကြံပြုထားသည်။

ရောဂါဖြစ်ပွားမှုများအတွင်း ညစ်ညမ်းနေသော ဖုန်မှုန့်များကို ရှောင်ရှားရန် အဓိကအရေးကြီးသည်။ ရောဂါအခံရှိသူများအတွက် နှာခေါင်းစည်းများဝတ်ဆင်ရန် အကြံပြုထားသည်။ ကူးစက်မှုများကို သံသယရှိသည့်အခါ စောစီးစွာဖော်ထုတ်ခြင်းနှင့် သီးခြားခွဲထားခြင်း၊ အနီးကပ်ထိတွေ့သူများကို စောင့်ကြည့်ခြင်းနှင့် စံသတ်မှတ်ထားသော ကူးစက်ရောဂါကာကွယ်ရေးအစီအမံများကို ကျင့်သုံးခြင်းဖြင့် နောက်ထပ်ပျံ့နှံ့မှုကိုကန့်သတ်ရန် အရေးကြီးကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ရပ်စောက်မြို့နယ်၌ မျိုးစပါးနှင့် သွင်းအားစု ပေးအပ်ပွဲကျင်းပ

ရပ်စောက် မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်အုပ်စု ပင်ဖြစ်ကျေးရွာ၌ မေလ ၁၀ ရက်က မျိုးစပါးနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရပ်စောက်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်က မိုးစပါးစိုက်ပျိုးရာ၌ တောင်သူများ မျိုးစပါးနှင့်သွင်းအားစုအခက်အခဲမရှိစေရေး မျိုးစပါးနှင့်သွင်းအားစုများကို ပေးအပ်ခြင်းဖြစ်ပြီး ထွက်ရှိလာသည့်စပါးများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ပြီး စပါးများရောင်းချရာ၌လည်း သတ်မှတ်ကာလပေါက်ဈေးဖြင့် ဈေးကောင်းရရှိအောင် ပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရပ်စောက်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်သန်းတို့က သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာရှိ ရွှေဝါဝင်း မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းအား ရက် ၁၀၀ စီမံချက်ဖြင့် မိုးစပါးစိုက်ပျိုးသော အသင်းသားများ၏ ၁၁၅ ဧကအတွက် ရပ်စောက်မြို့နယ်သမဝါယမအသင်းစု၏ သွင်းအားစုပံ့ပိုးငွေဖြင့် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၃၄၅ သိန်းနှင့်ညီမျှသော မျိုးစပါး၊ သွင်းအားစုနှင့် ရပ်စောက်မြို့နယ် သမဝါယမအသင်းစုမှ ထုတ်လုပ်သော စွမ်းထက်သဘာဝမြေဩဇာများကို ရွှေဝါဝင်းမျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းသားများထံ ပေးအပ်ကြောင်း သိရသည်။ (၄၀၅)

## ဓနုဖြူမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ဓနုဖြူ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ မီးဘေး၊ လျှပ်စီးဘေး၊ လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေလ ၁၁ ရက်တွင် မြို့တွင်းလမ်းဆုံနေရာများ၊ ဈေးများ၊ လူစည်ကားရာနေရာများ၊ ကျေးရွာလမ်းဆုံလမ်းခွနေရာများ၌ဆောင်ရွက်သည်။



အဆိုပါ အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ဆက်လက်၍ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လူစည်ကားရာနေရာများနှင့် ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရန်နည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်အချက်များကို အသိပညာပေးနှိုးဆော်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# တိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်



ပဲခူး မေ ၁၁

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး လူငယ်စင်တာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကားပြောကြားရာတွင်တိုင်းရင်းသားဒေသများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးကဏ္ဍတစ်ခုအနေဖြင့် သတ်မှတ်ဆောင်ရွက်နေသည့်အတွက် စက်ချုပ်သင်တန်းကိုအကောင်အထည်ဖော်ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ယခုသင်ကြားပေးမည့် အခြေခံစက်ချုပ်နည်းစနစ်များကို စနစ်တကျလေ့လာသင်ယူသွားမည်ဆိုပါက မိမိအတွက် သာမက မိသားစုစီးပွားရေးလုပ်ငန်းတစ်ခုအထိလုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း နည်းပြဆရာမများ သင်ကြားပေးမည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာ ဂရုတစိုက်လေ့လာသင်ယူကြရန် တိုင်းရင်းသားလူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦးချစ်ခင်ရင်းနှီးစွာ အတွေ့အကြုံဗဟုသုတများကို အတူတကွ နှီးနှောဖလှယ်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့်တာဝန်ရှိသူများ၊ အခမ်းအနားတက်ရောက်လာကြသူများက အခြေခံစက်ချုပ်သင်တန်းအတွက် ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူငယ်များအတွက် ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် မေလ ၁၁ ရက်မှ ၃၀ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာမများက စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

# သဘာဝမြေဆွေးပြုလုပ်သုံးစွဲပုံနည်းလမ်းများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်

ညောင်ဦး မေ ၁၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်အတွင်း မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဆွေးပြုလုပ်သုံးစွဲပုံနည်းလမ်းများကို မေလ ၁၁ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးဝန်ထမ်းများက ကျေးရွာများ အရောက်ကွင်းဆင်း၍ လက်တွေ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးသီးနှံများ မြေဆီလွှာအရည်အသွေးညံ့ဖျင်းခြင်း၊ မြေဆီလွှာကို ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာနည်းလမ်းများကိုအသုံးမပြုခြင်းတို့ကြောင့် သီးနှံများအထွက်နှုန်းလျော့နည်းလာမှုကိုထိန်းသိမ်းရန်အတွက် သဘာဝမြေဆွေးများ ပြုလုပ်သုံးစွဲခြင်း၊ သဘာဝမြေဩဇာနွားချေး၊ ကြက်ချေး၊ သီးနှံအကြွင်းအကျန်များ ထည့်သွင်းခြင်းကြောင့် မြေဆီလွှာ၏ဂုဏ်သတ္တိကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း၊ သီးနှံပင်အတွက်လိုအပ်သော အာဟာရဓာတ်များကို ဖြည်းဖြည်းမှန်မှန်ပေးနိုင်ခြင်း၊ စေးသောမြေကိုမွလာစေခြင်း၊ သဲဆန်သောမြေကို စေးထန်လာစေခြင်း၊ အစိုဓာတ်ထိန်းသိမ်းမှုကောင်းခြင်း၊ လေဝင်လေထွက်ကောင်းစေခြင်း၊ အာဟာရဓာတ်များကို ကာလကြာရှည်စွာထုတ်ပေးခြင်းတို့ကြောင့် သဘာဝမြေဆွေးပြုလုပ်ခြင်းနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် အကျိုးဆောင်တောင်သူများပူးပေါင်း၍ ကူရွာကျေးရွာအုပ်စု တောင်ရှေ့ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဒီပါလင်း

# သရက်မြို့၌ လျှပ်စစ်အန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

သရက် မေ ၁၁

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေလ ၁၁ ရက် နံနက်ပိုင်းတွင် စည်ပင်သာယာဈေးကြီးရှေ့၌ ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မိသားစုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများလျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရ၊ လျှပ်စစ်ရုံးသို့အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် သမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ပါရှိသော လက်ကမ်းစာစောင်အား ဈေးရောင်းဈေးဝယ်ပြည်သူများအား ဖြန့်ဝေပေးကြောင်း သိရသည်။

ဇော်ထက်(သရက်)




# ပညာတံခွန် လူရည်ချွန်

❖ မြန်မာ့လူ့ဘောင်၊ တိုးတက်အောင်မြင်
ရွှေရောင်ဖွင့်လှစ်၊ နိုင်ငံသစ်တည်
သစ်လွင်ညီတူ၊ လူကောင်းလူမွန်
လူရည်ချွန်များ၊ စဉ်မွေးဖွား၍
အားပေးချီးမြှောက်၊ ရှေ့သို့ရောက်အောင်
မြှောက်စားချီးမြှင့် ခဲ့ကြသည်။

❖ ပညာရေးစနစ်၊ တိုးတက်ခေတ်မီ
ပြည်သစ်တည်ဆောက်၊ ခရီးရောက်ရန်
တောက်ပနေခြည်၊ အားသစ်တည်လျက်
ခေတ်မီပညာ၊ မီဒီယာခေတ်
ပညာဉာဏ်ပွင့်၊ ရှေ့သို့မြင့်တက်
ပင်ချင်းယှက်သို့၊ ခက်လက်စိမ်းစို
တက္ကသိုလ်များ၊ ကျောင်းတော်များမှ
မွေးဖွားပေးလာ၊ ပြည်တော်သာဖို့
ပညာတံခွန်၊ လူရည်ချွန်များ
ထူးချွန်မြင့်မား၊ အမျိုးသားရေး
စွမ်းအားပြည့်စုံ၊ ပန်းရောင်စုံခင်း
ဂုဏ်မညှိုးနွမ်း၊ ပညာစွမ်းဖြင့်
ဆင့်တန်းမြှင့်လျက်၊ ဖူးပွင့်ခက်ဝေ
မျိုးဆက်သစ်များ၊ မွေးထုတ်ထားခဲ့။

❖ ယနေ့လူငယ်၊ နောင်ဝယ်လူကြီး
ဂုဏ်ဒြပ်ကြီးမြတ်၊ မြင့်မြတ်ချိန်ခါ
ရတနာများ၊ မွေးထုတ်ထားခဲ့
အနားယူစဉ်၊ "ပြင်ဦးလွင်"နှင့်
သစ်လွင်"အင်းလေး"၊ ပညာပေးရာ
လေးနက်ဂုဏ်ဆောင်၊ "ငွေဆောင်"ကမ်းခြေ
အပန်းဖြေကြ၊ လှပ"ချောင်းသာ"
လေ့လာခဲ့ကြ၊ လှည့်လည်ကြလျက်
ပျော်ကြပါးကြ၊ စုစည်းကြနှင့်
တက်ကြွညီညာ၊ တိုင်းပြည်သာဖို့
အနာဂတ်အား၊ လူငယ်များတို့
စွမ်းအားဝေစည်၊ မျိုးဂုဏ်တည်၍
ခေတ်မီပညာ၊ လုံ့လပါမြဲ
ပညာတံခွန်၊ လူရည်ချွန်များ
ဗလငါးတန်၊ ပြည့်စုံရန်တွက်
အရန်အင်အား၊ မွေးဖွားခေတ်မီ
ပြည်သစ်တည်ဆောက်၊ တောက်ပခဲ့ပြီ မြန်မာပြည်။ ။

ရဲမွန်ကျော်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်ကို ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးရဲသွင်ဟိန်း၏ မြေလတ်အသံ(Myaelatt Athan)၊ ဦးဝင်းဇော်နိုင်၏ Red News Agency နှင့် ဦးဇင်မင်းထက်၏ Asia Citizens (အာရှနိုင်ငံသားများ)သတင်းအေဂျင်စီတို့သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)ပါ စည်းကမ်းချက်ကိုလိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းတို့အား ထုတ်ပေးထားသည့်သတင်းအေဂျင်စီလုပ်ငန်းများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်မှစ၍ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီများအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူ့ကာကွယ်ရေးခေါင်းစဉ်အောက်က အကြမ်းဖက်များရှိနေသရွေ့ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့အသက်ပေးနေရမည်လား"** ခေါင်းစဉ်ဖြင့် ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၀-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ကလေးငယ်များရဲ့အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေးခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကိုအသုံးချနေတဲ့ အစိုးရအမည်ခံအဖွဲ့အစည်း"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

**၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူး လဆန်း ၆ ရက်)** မတိုင်မီမွေးဖွားခဲ့သည့် အသက်(၈၅) နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကိုယ်ဝန်ဆောင်မိခင်များနှင့်၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ်(၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့်ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၅-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၀၀ | ၄၆၉၀ | ၄၆၃၀ | ၄၅၂၀ | ၄၆၉၀ | ၄၇၀၅ | ၄၇၅၅ | ၄၆၀၀ | ၄၇၅၅ | ၅၀၇၀ | ၄၆၂၀ | ၄၈၁၅ | ၄၇၂၅ | ၄၆၈၀ | ၄၆၈၀ | ၄၈၉၀ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၈၅ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၅၀၅၀ | ၅၃၃၀ | ၅၁၇၀ | ၅၀၆၅ | ၅၃၃၀ | ၅၃၄၀ | ၅၃၉၀ | ၅၁၄၅ | - | ၅၅၉၅ | ၅၁၆၅ | ၅၆၁၅ | ၅၃၆၅ | ၅၂၂၀ | ၅၂၂၀ | ၅၄၂၀ |
| HSD (50 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | ၆၃၂၀ | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၉၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |
| HSD (10 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၉၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၆၉ | ၄၃၈၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၈၁၅ | ၄၉၄၁ |
| HSD (50 ppm) | ၅၇၈၉ | ၅၉၃၄ |
| HSD (10 ppm) | ၅၇၈၉ | ၅၉၃၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# (၁၁-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၁,၅၄၂,၂၉၆.၄၈ | ၈,၄၇၅,၅၃၁.၅၂ | ၁၃၉,၉၃၆,၉၃၂.၇၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၁၇ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁၅၆.၇၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မှိုအဆိပ်သင့်မှုတားဆီးကာကွယ် မှိုငယ်ငယ်နဲ့ဈေးကွက်တွင်းအောင်မြင်ကြမယ်

သဲသဲထွေး
(စိုက်ပျိုးရေးဦးစီးဌာန)


ကျင်းပုံစံဖြင့်စိုက်ပျိုးနည်း။


ခြင်းတောင်းများဖြင့်စိုက်ပျိုးနည်း။


ကောက်ရိုးထုံးများအသုံးပြု၍ စိုက်ပျိုးနည်း။

မှိုဟုဆိုလိုက်သည်နှင့် စားသုံး၍သင့်လျော်သောမှိုနှင့် စားသုံးရန်မသင့်သော အဆိပ်ရှိရောဂါဖြစ်စေသောမှိုဟူ၍ ခွဲခြားသိရှိရန်လိုသည်။ စားသုံးရန်မသင့်သော မှိုအစားအစာများမှာ ဥပမာ-အစားအသောက်များ အချိန်လွန်၍ ပုပ်သိုးဆွေးမြည့်ရာမှ ဖြစ်ပေါ်လာသော မှိုများကို ဆိုလိုပါသည်။ မှိုအမျိုးအစားတွင် လူသားတို့ ယနေ့စားသုံးနေသည့် သဘာဝပေါက်ရောက်လေ့ရှိသော သဘာဝမှိုနှင့် စနစ်တကျစားသုံးရန် သင့်လျော်သည့် မှိုအမျိုးအစားများဖြစ်သော မှိုမျိုးစိတ်များကို

**❍ MSME လုပ်ငန်းများတွင် မှိုသီးနှံထုတ်ကုန်တစ်မျိုးမှာလည်း နေရာရရှိလာပြီဖြစ်ရာ မှိုစိုက်ပျိုးခြင်းသည် အာဟာရပြည့်ဝသော မှိုအစားအစာတစ်မျိုး ထုတ်လုပ်လာနိုင်ရုံမျှမက တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ တက်လှမ်းလာနိုင်နေပြီလည်းဖြစ် . . .**

မှိုအသားစားတစ်သျှူးများမှ မျိုးပွား၍ရရှိသော ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ငွေမိုးမှို စသည်တို့ဟု အလွယ်မှတ်မိအောင် ဖော်ပြရမည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် မျိုးစိတ်ပေါင်းများစွာရှိသည့်အထဲမှ လက်ရှိမြန်မာနိုင်ငံဈေးကွက်ထဲတွင် တွင်တွင်ကျယ်ကျယ် ရောင်းဝယ်ဖောက်ကားလျက်ရှိသော ကောက်ရိုးမှိုစိုက်ပျိုးမှုနှင့် အသုံးဝင်အကျိုးများပုံတို့ကို ဆက်လက်ဖော်ပြပါမည်။

**မှိုမျိုးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်မှုများရှိ**

ယခုအခါ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲအောက်မှ မှိုသုတေသနစိုက်ပျိုးရေးခြံများမှ မှိုမျိုးများကို စနစ်တကျမှိုမွေးမြူခြင်း သင်တန်း၊ မှိုစိုက်ပျိုးနည်းစနစ်များကို နှစ်စဉ်သို့မဟုတ် လစဉ်သင်တန်းသားများခေါ်ယူ၍ သင်တန်းပေးမှုများရှိလာသဖြင့် နောက်ပိုင်းအချိန်များတွင် မှိုစားသုံး၍ အဆိပ်သင့်ရသည့်ဖြစ်စဉ်များ မရှိသလောက်လျော့နည်းသွားသည်။ အာဟာရပြည့်ဝဘေးကင်းလုံခြုံသောမှိုမျိုးများကို တောင်သူသို့မဟုတ် အပြင်စီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင် စိတ်ပါဝင်စားလာပြီး မျိုးစေ့ထုတ်လုပ်ရောင်းချကာ နေရာအနှံ့အပြားမှိုများကို လက်တစ်ကမ်းဝယ်ယူစားသုံးလို့ရရှိနေသည်မှာ ဝမ်းသာစရာပင်ဖြစ်သည်။ သို့ရာတွင် တန်ဖိုးရှိသဖြင့် တစ်ပတ်တစ်ကြိမ်မျှ မှိုဟင်းစားသုံးမှုနှုန်းမှာ မရှိသလောက်နည်းနေသေးသည်ဟု ဆိုရပေမည်။

**ပညာပေးသင်တန်းမှ အတွေ့အကြုံ**

ရှေးယခင်ကတည်းက လူသားတို့သည် သဘာဝအလျောက်ပေါက်ရောက်သောမှိုများကို ချိုးယူစားသုံးလာရာမှ အခန့်မသင့်သည့်အခါတွင် စားသုံး၍မရ/ အဆိပ်သင့်သောမှိုများကိုစားသုံးမိရာ အဆိပ်မိအသက်ဆုံးရှုံးရသည့် ဖြစ်စဉ်များလည်း ကြုံဖူးကြမည်ထင်ပါသည်။ မိမိကိုယ်တိုင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း နာဂဒေသလေရှီးမြို့ နာဂလူမျိုးများရှိရာဒေသသို့ သင်တန်းများသွားရောက်ပို့ချခဲ့ရာ တက်ရောက်လာသော ဒေသခံများမှ ၎င်းတို့နယ်မြေတွင် သဘာဝပေါက်ရောက်သောမှိုများကို ချိုးယူစားသုံးရာမှ မိသားစုလိုက်အသက်ဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်များရှိခဲ့သည်ဟု ဒေသခံများ၏ပြောပြချက်အရ ကိုယ်တိုင်ကြားသိခဲ့ရသည်။ ယေဘုယျအဆိပ်သင့်မှိုဟု ခွဲခြားသိရှိနည်းများနှင့် ဒေသနှင့်ကိုက်ညီ၍ စိုက်ပျိုးသင့်သည့် ငွေနှင်း၊ ငွေမိုးကဲ့သို့ မှိုများစိုက်ပျိုးလာနိုင်ရေး ပညာပေးခဲ့ဖူးသလို လက်ရှိတွင် လေရှီးမြို့ အမှုထမ်းရပ်ကွက်ရှိ ခရစ်ယာန်နှစ်ခြင်းအသင်းတော်မှ ဦးဆောင်သော နာဂလူမျိုးများသည် ယခုလက်ရှိအချိန်ထိ စိုက်ပျိုးလျက်ရှိနေဆဲပင်ဖြစ်သည်။ သွားလာရန်ခက်ခဲသောနေရာဒေသတစ်ခုအတွက် အဆိပ်သင့်မှုလျှော့ချနိုင်ရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီပြီး အာဟာရပြည့်ဝသော မှိုမျိုးရွေးချယ်စိုက်ပျိုးနည်းနှင့် အကျိုးကျေးဇူးများကို ဒေသခံများနားလည်လက်ခံလာပြီး လိုက်ပါဆောင်ရွက်လာနိုင်အောင် နည်းပညာပေးနိုင်ခဲ့သည့်အတွက် မိမိကိုယ်ကို များစွာဂုဏ်ယူမိပါသည်။

**မှိုအဆိပ်သင့်အန္တရာယ်နှင့် အဆိပ်ရှိမှို၏လက္ခဏာများ**

အဆိပ်ရှိမှိုဟုတ်၊ မဟုတ်ခွဲခြားရာ၌ မှို၏အခြေတွင်အခက်ပါရှိနေခြင်း၊ မှိုပွင့်၏ရိုးတံတွင် ခြေကျင်းပုံသဏ္ဌာန်ပါရှိနေခြင်း၊ မိုးထီးရွက်ပေါ်တွင် အကြေးဖတ်များပြန့်ကျဲစွာပါရှိနေခြင်း၊ မှိုထီးရွက်အောက်ဘက်ရှိ ပါးဟက်များသည် အဖြူရောင်ဖြစ်နေသောမှို၊ မှိုကွန်ချာ၊ အရောင်အသွေးစုံလင်စွာဖြင့် လှပစွာပွင့်နေသော မှိုများ၊ မှိုလက်သည်းနှင့် အစိမ်းရောင်မှို၏ မျိုးမှုန်များထုတ်လွှတ်ထားသော မှိုမျိုးများဟု ယေဘုယျသတ်မှတ်နိုင်သည်။ ထို့ပြင် မှိုများကိုချက်ပြုတ်သောအခါ ခရမ်းရောင်ကဲ့သို့သော အရောင်ပြောင်းသွားခြင်းမျိုးရှိပါကလည်း စားသုံးရန်မသင့်သော မှိုအမျိုးအစားအဖြစ် သိရှိနားလည်ထားရမည်ဖြစ်ကြောင်း ယခုဆောင်းပါးတွင် ထပ်မံထည့်သွင်းရေးသားလိုပါသည်။

**ဈေးကွက်တွင်အခိုင်အမာရပ်တည်လျက်ရှိသော ကောက်ရိုးမှိုစိုက်ပျိုးသင့်သည့်အချက်များ**

ယခုဖော်ပြမည့်မှိုတစ်မျိုးမှာ ဈေးကွက်အတွင်းအခိုင်အမာရရှိထားပြီး ဝယ်လိုအားမြင့်မား၍ ဈေးကောင်းရရှိနေသော ကောက်ရိုးမှို (Oyster Mushroom) ကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးစေရန်



ရည်ရွယ်၍ ယခုဆောင်းပါးကို အကျယ်တဝင့် ရေးသားဖော်ပြရခြင်းဖြစ်သည်။ **“စိုက်ပျိုးရေးလုပ်ငန်းအစ အမျိုးသမီးများက”** ဆိုသည့်အတိုင်း မှိုစိုက်ပျိုးခြင်းကို ကလေးသူငယ်များသာမက အမျိုးသမီးများပါမကျန် စိုက်ပျိုးထုတ်လုပ်၍ရနိုင်သော ပေါ့ပေါ့ပါးပါး “Home Garden” အိမ်တွင်းဥယျာဉ်တစ်ခုသဖွယ် ထည့်သွင်းစိုက်ပျိုးနိုင်သည်။ ကောက်ရိုးမှိုစိုက်ပျိုးခြင်းဖြင့် မိသားစုများအားလပ်ချိန်စိတ်ပျော်ရွှင်လန်းလာစေကာ ဥယျာဉ်ခြံမှတစ်ဆင့် အပိုဝင်ငွေရရှိစေနိုင်ပြီး ထမင်းစားစားပွဲတွင် အာဟာရပြည့်ဝကာ ဘေးကင်းလုံခြုံသော စားသောက်ဖွယ်ရာ မှိုဟင်းအမယ်တစ်ခွက်တိုးလာနိုင်ပြီး စီးပွားဖြစ်လုပ်ကိုင်လာနိုင်ပါက မိမိ မိသားစုသာမက အများအတွက်ပါ အစာအဆိပ်သင့်မှုမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ပါသည်။

**လယ်ယာနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို မှိုစိုက်ပျိုးရာတွင် အကျိုးရှိစွာပြန်လည်အသုံးချနိုင်ခြင်း**

ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အဓိကလိုအပ်သော ကုန်ကြမ်းများသည် ကောက်ရိုး၊ နွားချေး ၊ ဖွဲနု ၊ ဗေဒါကုန်ကြမ်းများသာဖြစ်သည့်အတွက် လယ်ယာစွန့်ပစ်ပစ္စည်းများနှင့် တိရစ္ဆာန်ထွက်စွန့်ပစ်ပစ္စည်းများကို Recycle အဖြစ် ပြန်လည်အသုံးပြုနိုင်ပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျော့ပါးသက်သာစေရုံမကဘဲ မှိုစိုက်ပျိုးပြီးထွက်ရှိလာသော နွားချေး၊ ကောက်ရိုး၊ ဗေဒါရိုးပြတ်များအား အခြားစိုက်ပျိုးထားသော အပင်များအတွက်ပါ ထပ်မံထည့်သွင်းအသုံးပြုနိုင်သည့်အတွက် ပို၍အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ မှိုစိုက်ပျိုးရေးလုပ်ငန်းသည် အချိန်တိုအတွင်း မြေနေရာကျဉ်းကျဉ်းတွင် အရင်းအနှီးအသင့်အတင့်နှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်သည့်အတွက် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။

**မှိုတွင်ပါဝင်သောအာဟာရဓာတ်များ**

ကောက်ရိုးမှိုတွင် ပရိုတင်း၊ အင်တီအောက်စီးဒင့်( Antioxidants)၊ ဗီတာမင် B complex ($B_1$, $B_2$, $B_3$, $B_6$,iron,zinc,potassium) စသည့် သတ္တုဓာတ်များပါဝင်သည်။ ၎င်းအာဟာရဓာတ်များ အချိုးမျှတစွာပါဝင်သည့်အတွက် သွေးတိုးရောဂါ၊ ဦးနှောက်နှင့်အာရုံကြော၊ ကိုယ်အလေးချိန်ထိန်းချုပ်ရေးနှင့် အင်အားနည်းခြင်းနှင့် သံဓာတ်ချို့တဲ့မှုရောဂါများကိုလည်းကာကွယ်နိုင်သည်ဟု ဆေးပညာသဘောအရ လေ့လာသိရှိခဲ့ရပါသည်။

**မှိုစိုက်ပျိုးရန်လွှမ်းမိုးသောအချက်များ**

မှိုစိုက်ပျိုးသည့်အခါတွင် အပူချိန်၊ စိုထိုင်းဆ၊ လေထုဖိအား၊ မြေဆွဲအား စသည့်အချက်များက လွှမ်းမိုးလျက်ရှိသည်။ မိမိစိုက်ပျိုးမည့်ဒေသအနေအထားနှင့် မှိုအမျိုးအစားပေါ်မူတည်၍ ကြိုက်နှစ်သက်သည့် လွှမ်းမိုးမှုများကို ဖြည့်ဆည်းပေးလျှင် အောင်မြင်နိုင်ပါသည်။ မိမိနေထိုင်သည့် ဒေသမှိုပေါက်ဈေး တစ်နည်းအားဖြင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်နေရန်လိုအပ်သည်။ မှိုမျိုးတစ်မျိုးနှင့်တစ်မျိုး အရင်းအနှီးကုန်ကျစရိတ်မတူနိုင်သလို ဈေးနှုန်းဈေးကွက်လည်း တူညီနိုင်မည်မဟုတ်သောကြောင့် မိမိဉာဏ်ရှိသလို စိုက်ပျိုးကြဖို့ တိုက်တွန်းချင်ပါသည်။ ယခုဆောင်းပါးတွင် ကောက်ရိုးမှိုစိုက်ပျိုးနည်းများစွာရှိသည့်အနက်မှ

**စာမျက်နှာ ၁၂ သို့ ❖**

❖ စာမျက်နှာ ၁၁ မှအဆက်

စိုက်ပျိုးရန်အလွယ်ကူဆုံးနှင့် အများကစိုက်ပျိုးရန်လက်ခံထားသည့် စနစ်တစ်ခုတည်းကိုသာ ဖော်ပြပေးမည်ဖြစ်ပါသည်။

**ကောက်ရိုးမှိုတစ်နိုင်တစ်ပိုင် စိုက်နည်းစနစ်များ**

၁။ ကျင်းပုံစံဖြင့်စိုက်ပျိုးခြင်း

၂။ ခြင်းတောင်းများဖြင့်စိုက်ပျိုးခြင်း

၃။ ကောက်ရိုးထုံးများအသုံးပြု၍ စိုက်ပျိုးနည်း

၄။ စက်မှုအသွင် စိုက်ရုံများဖြင့် ဗေဒါကုန်ကြမ်းသုံး စိုက်ပျိုးနည်းဟူ၍ နည်းစနစ်အမျိုးမျိုးရှိပါသည်။

ကောက်ရိုးမှိုကို စိုက်ပျိုးမည်ဆိုပါက တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်စိုက်ပျိုးခြင်းအပေါ်မူတည်၍ ချဲ့ကားလျှင်ချဲ့ကားသလောက်တွင်ကျယ်နိုင်ပါသည်။ မိမိက တစ်နိုင်တစ်ပိုင်စိုက်ပျိုးမည့်သူဖြစ်ပါက အနည်းငယ်မှစ၍ စိုက်ပျိုးသင့်သည်။ ကောက်ရိုးမှိုစိုက်ရာတွင် စိုက်နည်းစနစ်အမျိုးမျိုးရှိရာ တစ်နိုင်စိုက်ပျိုးသူများအဖို့ အောက်ပါနည်းလမ်းများနှင့် အစပျိုးစိုက်ပျိုးခြင်းက ပိုကောင်းနိုင်ပါသည်။

**မြန်မာနိုင်ငံရှိ ကောက်ရိုးမှိုစိုက်ပျိုးလေ့ရှိသည့် နေရာဒေသများ**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးလေ့ရှိကြပါသည်။

**MSME လုပ်ငန်းများတွင်တန်ဖိုးမြှင့်ထုတ်ကုန်တစ်မျိုးအဖြစ်ပါဝင်လာမှု**

စားသောက်ဆိုင်၊ ဟိုတယ်ကြီးများတွင် မှိုနှင့်ပတ်သက်သည့် ဟင်းလျာများ၏ ဈေးနှုန်းများကိုကြည့်ပါက မှိုစိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းပိုရရှိစေနိုင်သည်။ ယခုအခါ မှိုမှတစ်ဆင့် စားသောက်ကုန်၊ အလှကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်လာသည်များလည်း ရှိရာ မြန်မာနိုင်ငံ၏ လက်ရှိတွန်းအားပေးနေသော MSME လုပ်ငန်းများတွင် မှိုသီးနှံထုတ်ကုန်တစ်မျိုးမှာလည်း နေရာရရှိလာပြီဖြစ်ရာ မှိုစိုက်ပျိုးခြင်းသည် အာဟာရပြည့်ဝသော မှိုအစားအစာတစ်မျိုး ထုတ်လုပ်လာနိုင်ရုံမျှမက တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ တက်လှမ်းလာနိုင်နေပြီလည်းဖြစ်သည်။

ကောက်ရိုးမှိုသည် အပူချိန် ၂၅-၃၀ ဒီဂရီစင်တီဂရိတ်အတွင်းရှိသော အပူချိန်ရရှိသော ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည့်အတွက် အပူကြိုက်မှိုဟု ယေဘုယျသတ်မှတ်နိုင်ပါသည်။ ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အပူချိန်အမျိုးမျိုးအဆင့်ဆင့် ထိန်းသိမ်းပေးရလေ့ရှိသည်။ ကောက်ရိုးမှိုကို အများဆုံးစိုက်ပျိုးလေ့ရှိကြသော ကျင်းစနစ်ဖြင့် စိုက်ပျိုးနည်းအတွက် လိုအပ်သောကုန်ကြမ်းနှင့် အရင်းအနှီးများကို ဖော်ပြရမည်ဆိုပါက ပထမဦးစွာ မှိုမျိုးထုပ်၊ မှိုအစာအာဟာရအဖြစ် ဖွဲနု၊ စက္ကူဂျပ်များ၊ အပူချိန်အတွက် နွားချေး သို့မဟုတ် ကြက်ချေး၊ အမိုးအုပ်ရန် ပလတ်စတစ်စ လိုအပ်မည်ဖြစ်ပါသည်။ သတိပြုရှောင်ရှားရမည့်အချက်အနေနှင့် မိမိတို့စိုက်ပျိုးမည့်မြေသည် ဆား၊ ဆပ်ပြာပေါက်နေသော မြေ သို့မဟုတ် စက်ရုံစွန့်ပစ်ရေဆိုးမိလ္လာစိမ့်နေသော မြေမဖြစ်စေရန် ရွေးချယ်စိုက်ပျိုးရမည်ဖြစ်သည်။

**မှိုစိုက်ပျိုးနည်းစနစ်နှင့် ပြုစုမှုပုံစံ**

မှိုစိုက်မည့်နေရာသည် အရိပ်ရသော သစ်ပင်ကြီးများအောက်တွင် စိုက်ပျိုးပါကပိုကောင်းသည်။ ယခင်အဆက်ဆက် မှိုစိုက်ပျိုးခဲ့သော နေရာများမှပိုးမွှားရောဂါများကာကွယ်နိုင်ရန်အတွက်စိုက်မည့်နေရာအား ကောက်ရိုးမီးရှို့ပေးခြင်းနှင့် မစိုက်ပျိုးမီ စိုက်ကျင်းအတွင်း ထုံး သို့မဟုတ် ပုရွက်ဆိတ်ဆေးအနည်းငယ်ဖြူးပေးပါ။ မစိုက်ပျိုးမီ ဂျပ်စက္ကူ ငါးပိဿာကို အလျား ၉ ပေ အနံ ၃ ပေနှင့် ၆ လက်မ အနက်ရှိသော စတုဂံပုံစံအကျယ်အဝန်းအတွက် လက်တစ်ဝါးစာအရွယ်အစားစုတ်ဖြဲထားပြီး ရေစိမ်ပေးထားရမည်။ ၎င်းအကျယ်အဝန်းအတွက် မိမိဝယ်ယူသည့်နေရာမှအသုံးပြုရန် ညွှန်ကြားထားသည့်အတိုင်း မှိုမျိုးငါးထုပ် သို့မဟုတ် ခုနစ်ထုပ်စသည်ကို ဖွဲနုငါးဘူးနှင့် ရောမွှေထားပေးပါ။ အပူချိန်ဖန်တီးပေးရန် အဓိကလိုအပ်သော ကုန်ကြမ်းပစ္စည်းဖြစ်သည့် နွားချေးကိုးတင်းကို ပလတ်စတစ် တုတ်ချောင်းအပိုင်းအစ သို့မဟုတ် မလိုလားအပ်သည့် အမှိုက်များပါမလာစေရန် ဆန်ခါချထားပေးရပါမည်။ ၎င်းဆန်ခါချထားသော မစိုမခြောက် နွားချေးများကို ကျင်းအတွင်းဖြန့်ခင်းပေးပါ။ ဤတွင် နွားချေးများကို အကုန်သုံးလိုက်ခြင်းမျိုးမဟုတ်ဘဲ အပေါ်အုပ်ရန်အတွက် အနည်းငယ်ချန်ပေးထားရပါမည်။ နွေတွင်စိုက်ပျိုးပါက လိုအပ်သည့်အပူချိန်ကို ထိန်းချုပ်ရန်လွယ်ကူသည့်အတွက် လျော့၍ ထည့်သွင်းခြင်းနှင့် ဆောင်းရာသီတွင် စိုက်ပျိုးမည်ဆိုပါက အနည်းငယ်လျော့၍ထည့်ခြင်း သို့မဟုတ် နွားချေးထက် အပူချိန်များသော ကြက်ချေးကို အသုံးပြုပေးနိုင်လျှင်လည်း ပိုကောင်းပါသည်။ ထို့နောက်ရေပန်းကရားဖြင့် ဖြည်းဖြည်းမှန်မှန် စိုက်ကျင်းစိုသွားသည်အထိ ရေဖျန်းပေးရမည်။ နွားချေးများဖြန့်ခင်းပြီးပါက ရေစိမ်ထားသော ဂျပ်စက္ကူပျော့ဖတ်များကို ရေမှဆယ်ယူရေညှစ်၍ နေရာလပ်မရှိဖြန့်ခင်းပေးပါ။ စက္ကူအသုံးပြုရာတွင် ဆပ်ပြာ၊ ရေနံဆီကဲ့သို့သော နေရာတွင်အသုံးပြုထားသော စက္ကူများသည် မှိုပေါက်ရောက်ရန် အတားအဆီးဖြစ်နိုင်သောကြောင့် အသုံးမပြုစေရန် သတိပြုရပါမည်။ စက္ကူဖြန့်ထားပြီးပါက ဖွဲနုနှင့်ရောနယ်ထားသော မှိုမျိုးများကို ပါးပါးနှင့်ညီညီဖြန့်ခင်းပေးရမည်။ ထို့နောက် နွားချေးအနည်းငယ်ကို မှိုမျိုးလုံအောင်ဖုံးထားပေးပြီး မှိုမျိုးများမျောပါမသွားစေရန် ရေပန်းကရားဖြင့် ဖြည်းဖြည်းချင်း ရေလောင်းပေးရမည်။ ထို့နောက် ပလတ်စတစ်အဖြူစကို မှိုစိုက်ကျင်းတွင် အမြင့် ၁ ပေခွဲ အမိုးကိုင်းလုပ်၍ အုပ်မိုးပေးထားပြီး လေလုံအောင်စီမံထားပေးရပါမည်။ ကောက်ရိုးမှိုသည် အလင်းရောင်မကြိုက်နှစ်သက်သည့် မှိုအမျိုးအစားဖြစ်သောကြောင့် အမိုးအုပ်ပြီးပါက အလင်းထိုးဖောက်မှုမရှိစေရန် ကောက်ရိုး၊ သက်ငယ်၊ဓနိ၊ ဂျပ်ဖာများဖြင့် ဖြန့်မိုးပေးနိုင်လျှင်ပိုကောင်းပါသည်။ ထို့ကြောင့် ကောက်ရိုးမှိုစိုက်ပျိုးရန် မြေနေရာရွေးချယ်ရာတွင် အပင်ကြီးများအောက် အရိပ်ရသော မြေနေရာတွင် ရွေးချယ်နိုင်ပါက ပိုကောင်းပါသည်။ မှိုစိုက်ပျိုးပြီးလေးရက် အမိုးကိုင်းပေါ်မှ ဂျပ်စက္ကူအုပ်၍ အမှောင်ချထားပေးရမည်ဖြစ်သည်။ ထို့နောက်ပိုင်းတွင် မှိုပုံကို တစ်နေ့လျှင် နှစ်ကြိမ် ပလတ်စတစ်စကို လှပ်ပေးပါ။ တစ်ရက်ခြားတစ်ခါ မှိုပုံကိုချွေးလှပ်ပေးရမည်ဖြစ်ရာ မှိုပုံအားပြန်အုပ်သည့်အခါ မှိုအစေ့လေးများပေါ်သို့ ချွေးကျ၍မျိုးမအောင်နိုင်သဖြင့် ဆန့်ကျင်ဘက် ထက်အောက်လှန် အုပ်မိုးပေးရမည်။ အစိုဓာတ်လျော့နည်းနေပါက ရေဖျန်းပေးပါ။ ခြောက်ရက်မြောက်နေ့တွင် မှိုမျှင်များပွားလာမည်ဖြစ်ပြီး နောက်ပိုင်း မှိုမျှင်ခဏပျောက်သွားပြီးမှ မှိုဆန်ကွဲစေ့လေးများ စတင်ထွက်ရှိလာပြီး စတင်စိုက်ပျိုးသည့်ရက်မှ ၁၄ ရက်အတွင်း မှိုစတင်ခူးဆွတ်နိုင်မည်ဖြစ်ပါသည်။

**မှိုခူးဆွတ်နည်းပုံစံ**

ကောက်ရိုးမှိုကို ကြက်ဥလုံးအရွယ်အနေအထားလောက်တွင် စတင်ခူးဆွတ်နိုင်မည်ဖြစ်ပါသည်။ မှိုဥများသည် အစုလိုက်ပေါက်ရောက်သည်များလည်းရှိရာ မိမိပထမဆုံးစံထားမည့် ဥမပွင့်ခင်အထိ ဘေးမှိုများ မှိုလုံးကြီးလာသည်ထိစောင့်၍ အစုအပြုံလိုက် ခူးဆွတ်ပေးရန်လိုအပ်ပါသည်။ မှိုခူးရာတွင်လည်း ချွန်ထက်သောဓားနှင့် လှီးဖြတ်ယူနိုင်သကဲ့သို့ လက်ဖြင့်နုတ်ယူ၍လည်းရသည်။ ဓားနှင့်ခူးဆွတ်ရာတွင် သတိထားရမည့်အချက်မှာ အသားစကျန်ခဲ့နိုင်သည်မျိုးရှိနိုင်သဖြင့် မှိုခူးပြီးနောက်ပိုင်း အချိန်များတွင် တစ်ရက်ခြားတစ်ခါ ချွေးလှပ်ရာတွင် ချွေးစများမှိုပေါ်တွင်ကျရောက်ပြီး ပျော့ပုပ်ဖြစ်နိုင်ပါသဖြင့် သတိထားခူးဆွတ်ရန် အထူးလိုအပ်ပါသည်။

မှိုတစ်ကျင်းတွင် မိမိအသုံးပြုသော မျိုးထုပ်အပေါ်မူတည်၍ ရရှိနိုင်ပြီး သက်တမ်းတစ်လခန့်ထိ ခူးဆွတ်နိုင်မည်ဖြစ်သည်။ အထွက်နှုန်းအနေဖြင့် အသုံးပြုသည့်ကုန်ကြမ်းနှင့် ပြုစုမှုပေါ်မူတည်၍ ထွက်ရှိနိုင်မည်ဖြစ်ပါသည်။

မိသားစုဝင်ငွေရရှိရုံမျှမက ဈေးကွက်ထဲတွင် ရောင်းအားကောင်းသောကောက်ရိုးမှိုဥငယ်များအား ပျော်ပျော်ရွှင်ရွှင်မိသားစုစိုက်ပျိုးအကောင်အထည်ဖော်ကြပြီး ဈေးကွက်သို့တင်ပို့ရောင်းချခြင်းဖြင့် အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် မှိုစိုက်ပျိုးခြင်းလုပ်ငန်းအောင်မြင်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

# နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID တို့ကို ပြည်သူများထံ ပေးအပ်သည်။



ထို့နောက် လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာ တောင်သူဦးသိန်းဆောင်၏ လယ်မြေတွင် နည်းပညာသစ်ကိရိယာများဖြင့် မြေဆီလွှာပြုပြင်ထွန်ယက်ခြင်း ကွင်းသရုပ်ပြပွဲသို့တက်ရောက်ပြီး တောင်သူများနှင့်တွေ့ဆုံအမှာစကားပြောကြားကာ ကွင်းသရုပ်ပြနေမှုနှင့် ၂၀၂၅ - ၂၀၂၆ ခုနှစ် နွေစပါးစိုက်တောင်သူများကို ယူရီးယားမြေဩဇာရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ GAP Model Farm ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ငွေနှင်းမှိုနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီးတည်ထောင်ခြင်း (၁၈)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

မန္တလေး မေ ၁၁

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ကန်တော်ကြီးပတ်လမ်းရှိဇီဝိတဒါနသံဃာ့ဆေးရုံကြီး တည်ထောင်ခြင်း (၁၈)နှစ်မြောက်အထိမ်းအမှတ်အခမ်းအနားကျင်းပနိုင်ရေးနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင်အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီးကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများက လာမည့်မေလ ၂၃ ရက်တွင် ကျရောက်မည့်(၁၈)နှစ်မြောက်အထိမ်းအမှတ်ပွဲတွင် ထည့်သွင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဆေးရုံကြီးရေရှည်တည်တံ့ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သံဃာတော်နှင့်သီလရှင်များအတွက် ကုသိုလ်ဖြစ်ဆေးကုသစရိတ်များ လိုအပ်နေသည့်အပြင် ငလျင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့် ဆေးရုံအဆောက်အအုံများ ပြန်လည်ပြုပြင်ရေးနှင့် ခေတ်မီဆေးရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးပါဝင်လှူဒါန်းကြရန်လည်း တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

(အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ ဂုဏ်ပြုဆောင်းပါး)

# ကျွမ်းကျင် ကူညီ တပ်မတော်သူနာပြုများ ပီသစေမည်

မိခိုင်ဇင်ခင်လေး

နှစ်စဉ်မေလ ၁၂ ရက်သို့ရောက်ရှိတိုင်း **အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီ** (International Council of Nurses) က ကြီးမှူး၍ ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ကို ၁၉၆၅ ခုနှစ်မှစတင်ကာကျင်းပခဲ့သည်။ သူနာပြုလောက၏ မိခင်ကြီးဟုဆိုကြရသည့်ဖလောရင့်နိုက်တင်ဂေးလ်၏မွေးနေ့ မေလ ၁၂ ရက်တွင် ကျင်းပရန် ၁၉၇၄ ခုနှစ် ဇန်နဝါရီလက သတ်မှတ်ခဲ့သည်။ မီးအိမ်ရှင်မ(The Lady with The Lamp) ဟု ကမ္ဘာတစ်ဝန်းထင်ရှားခဲ့သည့် ဖလောရင့်နိုက်တင်ဂေးလ်ကို ၁၈၂၀ ပြည့်နှစ်မေလ ၁၂ ရက်တွင်ကြွယ်ဝချမ်းသာသော ဗြိတိသျှလူမျိုး မိဘနှစ်ပါးက အီတလီနိုင်ငံ ဖလောရင့်စ်မြို့၌ မွေးဖွားခဲ့သည်။

ဖလောရင့်နိုက်တင်ဂေးလ်သည် လူမှုပြုပြင်ရေးသမား၊ စာရင်းအင်းပညာရှင်နှင့် ခေတ်သစ်သူနာပြုအတတ်ပညာကို စတင်တည်ထောင်ခဲ့သူ (The Founder of Modern Nursing)ဖြစ်သည်။ ခရိုင်းမီးယားစစ်ပွဲအတွင်းစစ်မြေပြင်၌ ဒဏ်ရာရစစ်သည်များကို ညအချိန်များတွင် မီးအိမ်တစ်လုံးဖြင့် လိုက်လံကြည့်ရှုပြုစုစောင့်ရှောက်လေ့ရှိသည်။ နိုက်တင်ဂေးလ်ကိုမြင်ရသော စစ်သည်လူနာများ၏ မျက်နှာများသည် နူးညံ့ပျော့ပျောင်းသွားကြပေသည်။ တာဝန်ကျဆေးဝန်ထမ်းများ နားကြသည့် တိတ်ဆိတ်မှောင်မိုက်နေသည့် ညပိုင်းအချိန်များတွင် နိုက်တင်ဂေးလ်သည် မီးအိမ်တစ်လုံးကိုဆွဲကာ လူနာများကို လိုက်လံပြုစုစောင့်ရှောက်ခဲ့သည်။ နိုက်တင်ဂေးလ်၏ ခရိုင်းမီးယားစစ်ပွဲတွင် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှုကို ဒဏ်ရာရစစ်သည်များအမည်ပေးသည့်အတိုင်း The Times သတင်းစာက "The Lady with The Lamp" (မီးအိမ်ရှင်မ) ဟု ဖော်ပြခဲ့ရာမှ ထင်ရှားကျော်ကြားခဲ့သည်။

သူနာပြုလုပ်ငန်းကို အလွန်မွန်မြတ်သော ပညာရပ်တစ်ခုအဖြစ်သာမက အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်လာစေရန် နိုက်တင်ဂေးလ်၏ကြိုးပမ်းခဲ့မှုများကို အရေးပါသောလုပ်ငန်းတစ်ရပ်အဖြစ် ကမ္ဘာတစ်ဝန်းမှ ပြည်သူများကလက်ခံခဲ့ကြသည်။ နိုက်တင်ဂေးလ်သည် ၁၈၆၀ ပြည့်နှစ်တွင် စိန့်သောမတ်စ်ဆေးရုံ၌ သူနာပြုသင်တန်းကျောင်းကိုဖွင့်လှစ်ကာ သူနာပြုစုခြင်းအသက်မွေးပညာရပ်ကို ထူထောင်ခဲ့သည်။ ကမ္ဘာ့ပထမဆုံးသော သူနာပြုသင်တန်းကျောင်းဖြစ်၍ ယခုအခါတွင် လန်ဒန်မြို့ ကင်းကောလိပ်၏ ကျောင်းခွဲတစ်ခုအဖြစ်ရပ်တည်လျက်ရှိသည်။ သူမ၏ သူနာပြုလုပ်ငန်းအပေါ် စွန့်ဦးလုပ်ဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် နိုင်ငံတကာသူနာပြုထူးချွန်ဆုကို ဖလောရင့်နိုက်တင်ဂေးလ်ဆုဟု အမည်ပေးခဲ့သည်။

၁၉၀၇ ခုနှစ်တွင် လန်ဒန်မြို့၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းများ အဋ္ဌမအကြိမ် ညီလာခံက ကမ္ဘာတစ်ဝန်းမှ ထူးချွန်သူနာပြုများကို ဖလောရင့်နိုက်တင်ဂေးလ်ဆုတံဆိပ် ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြပြီး ၁၉၁၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဆုတံဆိပ်ကို ဖန်တီး၍ ၁၉၂၀ ပြည့်နှစ်တွင် စတင်ချီးမြှင့်ခဲ့သည်။ ဖလောရင့်နိုက်တင်ဂေးလ်ဆုတံဆိပ်ကို ပဋိပက္ခ သို့မဟုတ် ဘေးဒုက္ခရင်ဆိုင်နေရချိန်တွင် ဒဏ်ရာရရှိသူများ၊ ဖျားနာနေကြသူများ၊ မသန်စွမ်းသူများနှင့်ဒုက္ခသည်များကို ရှုပ်ရှုပ်ချုံချုံ ပြုစုစောင့်ရှောက်ခဲ့သည့် သူနာပြုနှင့်သူနာပြုအကူများကို ချီးမြှင့်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်မတိုင်မီအထိ ကမ္ဘာတစ်ဝန်းမှသူနာပြု ၁၅၁၂ ဦးက ဆုတံဆိပ်ကို ဆွတ်ခူးခဲ့ကြသည်။ ဆုတံဆိပ်စတင်ချီးမြှင့်ခဲ့စဉ်က အမျိုးသမီးသူနာပြုများကိုသာ ရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ၁၉၉၁ ခုနှစ်မှစ၍ ထူးချွန်အမျိုးသားသူနာပြုများကိုလည်း ချီးမြှင့်နိုင်ကြောင်း စည်းမျဉ်းကို ပြင်ဆင်သတ်မှတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဆောင်ပုဒ်ကို ၁၉၈၈ ခုနှစ်မှ စတင်၍ နှစ်စဉ်သတ်မှတ်ခဲ့ရာ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့၏

Theme ဆောင်ပုဒ်မှာ-

Our Nurses . Our Future.

Empowered Nurses Save Lives.

ဖြစ်သည်။

**မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း**ကို ၁၉၄၈ ခုနှစ်ကစတင်၍ အစိုးရမဟုတ်သော အသင်းအဖွဲ့အဖြစ် တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပြီး တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီ၏ အဖွဲ့ဝင်လည်းဖြစ်သည်။

၂၀၁၅ ခုနှစ် မေလ ၁၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်သည် (၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇) ဖြင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေတွင်ပါဝင်သောစကားရပ်များအရ-

**သူနာပြု**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော သူနာပြုမှတ်ပုံတင်လက်မှတ်နှင့် သူနာပြုလိုင်စင်ရရှိသူကိုဆိုသည်။

**သူနာပြုလိုင်စင်**ဆိုသည်မှာ သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်းကို လုပ်ကိုင်ရန် အရည်အချင်းပြည့်မီသူအား ကောင်စီကထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

**သူနာပြုအတတ်ပညာ**ဆိုသည်မှာ မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်လိုအပ်သော လူမှုရေးဆိုင်ရာ ပြုစုမှုများကို ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိသည့် အတတ်ပညာကိုဆိုသည်။ ယင်းစကားရပ်တွင်ကျန်းမာသူများအား ကျန်းမာရေးပိုမိုကောင်းမွန်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာရပ်များလည်းပါဝင်သည်။

သူနာပြုများသည် အတတ်ပညာနှင့် ကျွမ်းကျင်မှုသာမကခံယူချက်ကောင်းသည့်၊ ကျင့်ဝတ်သိက္ခာစောင့်စည်းလိုက်နာသည့်၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်ထိန်းသော တာဝန်သိသူနာပြုဆရာ၊ ဆရာမများဖြစ်ရန် ကြိုးပမ်းကြရန်လိုပေသည်။ သမိုင်းအဆက်ဆက်မှ ယနေ့ခေတ်ကာလအထိ သူနာပြုများသည် နာမကျန်းသူများရောဂါသက်သာလျော့ပါးစေရေးနှင့် စိတ်ချမ်းသာမှုရှိစေရေးတို့အတွက် ရှေ့တန်းမှ သူနာပြုစုကျန်းမာရေးစောင့်ရှောက်မှု ပေးနေသူများဖြစ်သည်။

သူနာပြုများသည်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် မကျန်းမာသူများအား ပြုစုပေးခြင်း၊ မကျန်းမာမှုမဖြစ်စေရန် ကာကွယ်ခြင်း၊ ကျန်းမာသူများပိုမိုကျန်းမာအောင် တိုးမြှင့်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ရေးတွင် ပြုစုစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေကြသည့်အတွက် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုကို ရရှိနိုင်ရေးအတွက် အရေးပါသောကျန်းမာရေးဝန်ကြီးဌာန၏ အဓိကအရင်းအမြစ်များဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ သူနာပြုနှင့်သားဖွားအင်အားစုသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အားလုံး၏ ၅၀ ရာခိုင်နှုန်းနီးပါးဖြစ်သည့်အတွက် ပြည်သူလူထုကို အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သူနာပြုနှင့်သားဖွားများ၏အရေးကြီးသော အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းပင်ဖြစ်သည်။

ဖလောရင့်နိုက်တင်ဂေးလ်ဆုတံဆိပ်ကို မြန်မာနိုင်ငံမှသူနာပြုလေးဦးက ရရှိခဲ့သည်။ အမှတ် (၂) တပ်မတော်ဆေးရုံတွင်တာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်ခင်အုန်းမြ (နောင်တွင်ဗိုလ်မှူး)က ၁၉၆၃ ခုနှစ်တွင်ပထမဆုံးရရှိခဲ့သည်။ မူဆယ်ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမကြီး ဒေါ်အမ်ယောနမ်က ၁၉၉၃ ခုနှစ်တွင် ဒုတိယမြောက်ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သောင်သွပ် ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်သိန်းရီက တတိယမြောက်ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းကာလတွင် ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းဆောင်ခဲ့သဖြင့် ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံမှအထက်တန်းသူနာပြု ဦးစနိုင်နိုင်ထွန်းက ၂၀၁၅ ခုနှစ်တွင် ဖလောရင့်နိုက်တင်ဂေးလ်ဆုကို စတုတ္ထမြောက်ရရှိခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ဖလောရင့်နိုက်တင်ဂေးလ်ဆုရှင်များဖြစ်သော ဗိုလ်မှူးဒေါ်ခင်အုန်းမြ၊ ဒေါ်အမ်ယောနမ် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဒေါ်သိန်းရီ (အမျိုးသမီးကျန်းမာရေးဆရာမ-ငြိမ်း)နှင့် ဦးစနိုင်နိုင်ထွန်း (သူနာပြုကြီး)တို့ကို ဝဏ္ဏကျော်ထင်ဘွဲ့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအပေါ် အကြမ်းဖက်မှုများကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် သူနာပြုနှင့်သားဖွား ခြောက်ဦးတို့ကို ရဲဗလဘွဲ့တံဆိပ်ကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။




ကမ္ဘာတစ်ဝန်းရှိ ကိုယ်စိတ်မကျန်းမာသူများနှင့် လူနာများကို ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုပေးရာတွင်ဆရာဝန်များက ကုသမှုကိုတာဝန်ယူ၍ သူနာပြုများက ပြုစုစောင့်ရှောက်မှုတာဝန်ကို ယူကြရသဖြင့် သူနာပြုများသည် လူနာများနှင့်ထိတွေ့ချိန် ပိုမိုများပြားသည်။ လူနာကို နီးကပ်စွာထိတွေ့ကာ ပြုစုစောင့်ရှောက်ကြရသည့်သူနာပြုများသည် ယေဘုယျအားဖြင့် အကြင်နာ၊ မေတ္တာကြီးမားသူများပင်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် သူနာပြုများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသဖြင့် သူနာပြုများ၏ ဂုဏ်ရည်ကို မြှင့်တင်ရန် နှစ်စဉ် မေလ ၁၂ ရက်နေ့ရောက်တိုင်း သူနာပြုများနေ့ကို နိုင်ငံအရပ်ရပ်တွင် ကျင်းပကြခြင်းဖြစ်ပေသည်။

**မြန်မာ့ဆေးတပ်ဖွဲ့**သည် နိုင်ငံလွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းကပင် သန္ဓေတည်ပေါက်ဖွားလာခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army – BIA)ကို ရဲဘော်သုံးကျိပ်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းသုံးကြောင်းခွဲ၍ ဝင်ရောက်လာရာ ဆေးတပ်ဖွဲ့၏ပထမဦးဆုံးဟုဆိုနိုင်သော သူနာပြုတပ်ဖွဲ့သည် BIA ၏ ထားဝယ်စစ်ကြောင်းနှင့် ပူးပေါင်းကာ ဆေးအကာအကွယ်ပေးတာဝန်များကို စစ်ကြောင်းချီတက်ရာလမ်းတစ်လျှောက် ကျေပွန်စွာထမ်းဆောင်ခဲ့သည်။

**တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့**သည် တပ်မတော်သားများနှင့် မိသားစုဝင်များကို နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ အဆင့်အတန်းမရွေး ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဖြစ်သည်။ ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှု **စာမျက်နှာ ၁၄ သို့** ■

■ **စာမျက်နှာ ၁၃ မှအဆက်**

လုပ်ငန်းများကို နေ့မအားညမအား ဆောင်ရွက်လျက်ရှိသည်။

ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်သည်-

ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန် ဖြစ်သည်။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကျင့်သုံးရမည့် လမ်းစဉ်သည်-

စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ ဖြစ်သည်။

ဒီ့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့်ဆေးဘက်ပညာသည်များကို မွေးထုတ်ပေးရန် ရည်ရွယ်ချက်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် "ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်" များဖြစ်သည့် တပ်မတော်သူနာပြုများကို စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကကြီးမှူး၍ သူနာပြုများ အရည်အသွေးတိုးမြှင့်ပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် အာဆီယံနိုင်ငံများတွင်လည်း ကျင့်သုံးလျက်ရှိသော လမ်းညွှန်ချက်များ (Continuing Professional Development (CPD) Guideline For Nursing and Mid-wifery Professional) ကိုချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။ သူနာပြုများလက်တွေ့ လုပ်ဆောင်လျက်ရှိသော အချက်များပေါ်တွင် အခြေခံထားသော လမ်းညွှန်ချက်များဖြစ်၍ လူနာများအတွက်လည်း ပိုမိုကောင်းမွန်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လမ်းညွှန်ချက်များဖြစ်သည်။ သူနာပြုများအတွက်လည်း နိုင်ငံတကာစံနှုန်းများအတိုင်း စနစ်တကျပြုစုကုသမှုပေးသော စနစ်ကို မှတ်တမ်းတင်စေခြင်းဖြစ်၍ အကျိုးများလှသော လမ်းညွှန်ချက်ဖြစ်ပေသည်။ အထက်ပါ CPD Guideline များနှင့်အညီ တပ်မတော်ဆေးရုံများတွင်လည်း စဉ်ဆက်မပြတ်သူနာပြုစုမှု ပညာသင်ကြားခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**❑ သူနာပြုများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် မကျန်းမာသူများအားပြုစုပေးခြင်း၊ မကျန်းမာမှုမဖြစ်စေရန် ကာကွယ်ခြင်း၊ ကျန်းမာသူများပိုမိုကျန်းမာအောင် တိုးမြှင့်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ရေးတွင် ပြုစုစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေကြသည့်အတွက် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုကို ရရှိနိုင်ရေးအတွက် အရေးပါသောကျန်းမာရေးဝန်ကြီးဌာန၏ အဓိကအရင်းအမြစ်များဖြစ် . . .**

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်ချက်များအား အကောင်အထည်ဖော်နိုင်သည့်အတွက် ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက ပေးအပ်သည့် သူနာပြုသားဖွားပညာရေး အရည်အသွေးစံညွှန်း အာမခံမှုဆိုင်ရာ အသိအမှတ်ပြုလွှာအား ထိုက်ထိုက်တန်တန် လက်ခံရရှိခဲ့သည်။

သူနာပြုကောင်းတစ်ဦးဖြစ်စေရန် အရေးကြီးဆုံးလိုအပ်ချက်သည် "ဝါသနာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာ၊ နမူနာ" ဆိုသည့် နာငါးနာနှင့်ပြည့်စုံရန် ဖြစ်သည်။ စွန့်လွှတ်၊ စွန့်စား၊ စွန့်ရဲ စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော တပ်မတော်သားများအနက် ထိခိုက်ဒဏ်ရာရ၍ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသမှုခံယူကြရသူများ ရှိကြသည်။ ရဲဝံ့စွန့်စားပြည်ချစ်သားများကို ကျွန်မတို့ တပ်မတော်သူနာပြုများက လေးစားဂုဏ်ယူစွာ စေတနာ၊ အကြင်နာ၊ ကရုဏာဖြင့် ပြုစုရန်မည်သည့်အခါကမျှ တွန့်ဆုတ်ခဲ့ခြင်းမရှိခဲ့ပါ၊ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသူများ၊ တပ်မတော်၏အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်သူများ၊ စွမ်းရည်ပြည့်ဝသူများအဖြစ် ခေတ်အဆက်ဆက် ကြိုးစားတည်ဆောက်ခဲ့ကြသည့် "ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်" တပ်မတော်သူနာပြုများသည် တပ်မတော်နှင့်ပြည်သူလူထုအတွက် ပြုစုကုသရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေးနှင့် သုတေသနလုပ်ငန်းများတွင် ကျရာတာဝန်များကို မဆုတ်မနစ်အားသွန်ကြိုးပမ်းထမ်းရွက်လျက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ပေးအပ်သည့် အမိန့်နှင့်တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကို အသုံးချ၍ ပြည်သူက အားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့်တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍ ကျေပွန်စွာထမ်းဆောင်နိုင်ရန်လိုကြောင်း** ပြောကြားခဲ့သည်။ သို့ဆိုလျှင် နိုင်ငံတော်နှင့် ပြည်သူကိုသစ္စာခံထားသည့် ရဲဝံ့စွန့်စားပြည်ချစ်သားများနှင့်ဖွဲ့စည်းထားသည့် တပ်မတော်နှင့်နိုင်ငံတော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ပတ်သက်လာလျှင်-

"ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန်
နိုင်ငံဝန်၌၊ ကုမ္ဘဏ်ယက္ခ
နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း
ခွာ၍မတွန့်၊ အသက်စွန့်လေ့" ဟု

ဆိုသည့်အတိုင်း မည်မျှခက်ခဲကြမ်းတမ်းသော ရှေ့တန်းစစ်မျက်နှာ၊ သဘာဝဘေးအန္တရာယ်၊ ကမ္ဘာ့ကပ်ရောဂါများနှင့် ကြုံတွေ့စေဦးတော့ အမိနိုင်ငံနှင့် တပ်မတော်အတွက် ရဲရဲဝံ့ဝံ့ရင်ဆိုင်မည့် မီးအိမ်ရှင်တပ်မတော်သူနာပြုများ ဤမြေပေါ်တွင် အသင့်ရှိနေကြောင်း မေလ ၁၂ ရက်တွင်ရောက်ရှိသည့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**❑ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် တပ်မတော်သားများနှင့် မိသားစုဝင်များကို နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ အဆင့်အတန်းမရွေး ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဖြစ် . . .**

**❑ ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေ့မအားညမအားဆောင်ရွက်လျက်ရှိ . . .**

# မြဝတီမြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြဝတီ မေ ၁၁**

ကရင်ပြည်နယ် မြဝတီမြို့ သန့်ရှင်းသာယာလှပစေရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိရာ မေလ ၁၀ ရက်တွင် မြေပြင်ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေး၊ မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်း၊ မြဝတီမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းနောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ အဖွဲ့ဝင်(၂) ဦးအောင်မျိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးတို့က အမှတ်(၄)ရပ်ကွက် မြေနီကုန်းဘုရားလမ်းရှိ ရေမြောင်းများကိုလည်းကောင်း၊ ခရိုင်မီးသတ်ဦးစီးဌာနရုံးအရှေ့ နတ်သျှင်နောင်လမ်းရှိရေမြောင်းများကိုလည်းကောင်း၊ စီးတီးဟုန်းစားသောက်ဆိုင်၏ အနောက်ဘက်ပန်းခြံပတ်လမ်းရှိရေမြောင်းများနှင့် ခရိုင်ပြည်သူ့ဆေးရုံ၏ အနောက်ဘက်ရှိ ရေမြောင်းများကိုလည်းကောင်း၊ အမှတ်(၁) ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှေ့ရှိ ရေမြောင်းများကိုလည်းကောင်း ရေစီးရေလာကောင်းမွန်စေရေးနှင့်ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ အမှတ်(၃)ရပ်ကွက်ရှိ သစ္စာမဂ္ဂင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လွှတ်တော်ကိုယ်စားလှယ်များကရပ်ကွက်နေပြည်သူများနှင့်တွေ့ဆုံပြီး ရပ်ကွက်နေပြည်သူများကဆောင်ရွက်ပေးစေလိုသည့် အချက်၊ တွေ့ကြုံနေရသည့်အခက်အခဲများကိုတင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးကြောင်း သိရသည်။

(၄၀၆)

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်

**မန္တလေး မေ ၁၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို မေလ ၁၁ ရက် မွန်းလွဲပိုင်းတွင် အဆိုပါရုံးရှိသင်တန်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာဆွေက ဝန်ထမ်းများအနေဖြင့် သင်တန်းကာလတွင် သင်ကြားသည့် သင်ခန်းစာဘာသာရပ်များကို ကြိုးစားလေ့လာကြစေရန် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မေလ ၁၁ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် သင်တန်းနည်းပြ ၁၅ ဦးက သင်တန်းသား၊ သင်တန်းသူ ၂၈ ဦးအား သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲလင်းထက်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောစုဝင်း၊ မူပိုင်ခွင့်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးဦးစီးမှူးရုံးရှိ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြောင်း သိရသည်။ (၄၀၂)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မြဝတီ မေ ၁၁**

ကရင်ပြည်နယ် မြဝတီမြို့၌ ပွင့်လင်းရာသီကာလတွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ မေလ ၁၀ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်း ဦးဆောင်၍ မဲ့ထော်သလေးကျေးရွာ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုပုံ နည်းလမ်းများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဒုတိယရဲမှူးသက်ဇော်ထွန်းက ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အရေးယူမှုဖြစ်စဉ်များ၊ သိရှိနားလည် ရှောင်ကြဉ်ရမည့်အချက်များကိုလည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံ၊ အသုံးပြုနည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြရာ တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# စက်မှုကျွမ်းကျင်သင်တန်းနှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်းဖွင့်လှစ်





**နေပြည်တော် မေ ၁၁**

စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄)နှင့် အဝတ်အထည်ချုပ်လုပ်မှု သင်တန်း အမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်မန္တလေးတိုင်းဒေသကြီး အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ၌ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည် ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အစိုးရအနေဖြင့် ပြည်တွင်းအသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း များတွင် ကျွမ်းကျင်လုပ်သားများရရှိနိုင်ရေး အတွက် သင်တန်းများကိုဖွင့်လှစ်ပို့ချပေး လျက်ရှိပြီး နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ တိုးတက်မြင့်မားမှုသည် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို များစွာအထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စက်မှုနှင့် နည်းပညာလောကတွင် စဉ်ဆက်မပြတ် လေ့လာခြင်းနှင့် တက်ကြွစွာပြုမူဆောင် ရွက်ခြင်းတို့သည် အောင်မြင်မှုကိုရရှိစေ မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း လက်တွေ့ သင်ကြားရေးအလုပ်ရုံများနှင့် အထည်ချုပ် သင်တန်းနေရာများကို ကြည့်ရှုစစ်ဆေး သည်။

ယခုဖွင့်လှစ်မည့်သင်တန်းအမှတ်စဉ်(၁၄) တွင် သင်တန်းသား၊ သင်တန်းသူ ၇၇ ဦးကို ဘာသာရပ်ခြောက်ခုအား ၂၀၂၆ ခုနှစ် မေလ ၁၁ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၂၃ ရက်အထိ တစ်နှစ်ကြာ စာတွေ့လက်တွေ့လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ပြီး အမှတ်စဉ် (၃) တွင်သင်တန်းသူ ၂၀ ဦးကို မေလ ၁၁ ရက် မှ ဇွန်လ ၄ ရက်အထိ တစ်လကြာလေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

မြဝတီ

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မကွေး မေ ၁၁**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက်အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် တိုင်းဒေသကြီး မိုးလုံလေလုံအားကစား ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် ဧည့်ပရိသတ်များသည် ဗိုလ်လုပွဲစဉ်အဖြစ် မကွေးခရိုင်အသင်း နှင့်ပခုက္ကူခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစား နေမှုကိုကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တစ်ဦးချင်းဆွဲပြား၊ ဆု တံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)





# လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်းများ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း အသက်မွေးသင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေး ဂေဟာကို ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းသူများကို လူသားချင်း စာနာသောစိတ်ထားဖြင့် စေတနာ၊ ဝါသနာ၊ အသိပညာ၊ အတတ် ပညာများဖြင့် ပြုစုစောင့်ရှောက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် မေလ ဒုတိယ(၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မေ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့ အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည်အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ် အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်း မြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင် ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီ ဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၄ ဒီဂရီဖာရင်ဟိုက်မှ ၁၀၃ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက် အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၂၈ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း) တို့တွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယား ပြည်နယ်တို့တွင် ၄၈ မီလီမီတာမှ ၅၇ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၈ မီလီမီတာမှ ၆၈ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၁ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် မေ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် **AA အဖွဲ့နှင့် PDF** အမည်ခံအဖွဲ့မှ အဖွဲ့ဝင်အမျိုးသား ၃၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်ထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများလွှဲပြောင်းအပ်နှံစဉ်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်မှ ၃ ဦး၊ မြောက်ဦးမြို့နယ်မှ ၁ဦး၊ မောင်တောမြို့နယ်မှ ၁ဦး၊ ရသေ့တောင်မြို့နယ်မှ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်မှ ၁ ဦး စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ၇ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်မှ ၂ ဦး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့မှ ၂ ဦး၊ ကြံခင်းမြို့နယ်မှ ၁ ဦး၊ လေးမျက်နှာမြို့နယ်မှ ၁၂ ဦး၊ အင်္ဂပူမြို့နယ်မှ ၃ ဦး၊ ရေကြည်မြို့နယ်မှ ၂ ဦး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်မှ ၁ ဦး၊ စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၂၄ ဦး တို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA-1 သေနတ် ၃ လက်၊ M-22 သေနတ် ၂ လက်၊ လက်ပစ်ဗုံး ၁ လုံး၊ ကျည် ၃၃၈ တောင့်နှင့် ကျည်အိမ် ၆ ခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၅ လက်အတွက် ငွေကျပ်သိန်း ၂၅၀၊ လက်ပစ်ဗုံး ၁ လုံးအတွက် ငွေကျပ် ၃ သိန်းနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအတွက် ငွေကျပ် ၉၃ သိန်း၊ စုစုပေါင်းငွေကျပ် ၃၄၆ သိန်းကိုပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

"ကျွန်တော်တို့ စည်းရုံးရေးမှာ ကျွန်တော့်ကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန်ထောက်ပံ့မယ်ပေါ့။ ပြီးတော့ ကျွန်တော်စစ်တိုက်စရာလည်းမလိုဘူးလို့ပြောပါတယ်။ ဒါကြောင့်မို့ ကျွန်တော် သူတို့ရဲ့ အလိမ်အညာစကားမှာ နားယောင်ပြီးလိုက်သွားခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ရှေ့မှာ သေကျေပျက်စီးနေရတာတွေကနေ့စဉ်နဲ့အမျှ မြင်တွေ့နေရတဲ့အတွက် အပြင်က ကျွန်တော့်မိသားစုရှိတဲ့နေရာကို ကျွန်တော်သတိလည်းရတယ်၊ လွမ်းလည်း လွမ်းတဲ့အတွက် ပြီးတော့ ကျွန်တော်လျှောက်နေတဲ့လမ်းက မှားတယ်ဆိုတာ သိတဲ့အတွက် အချိန်မီ ကျွန်တော်လမ်းမှန်ကိုပြောင်းဖို့အတွက် တပ်မတော်ကလည်း နွေးနွေးထွေးထွေး ကြိုဆိုတယ်ဆိုတာ သိရတော့ အလင်းဝင်လာရခြင်းဖြစ်ပါတယ်။ ကျွန်တော်အခုအရမ်းပျော်နေတယ်။ ပီတိလည်းဖြစ်ပါတယ်။ ကျွန်တော့်မိသားစုလည်း အခု ကျွန်တော်နဲ့ထပ်တူပျော်ရွှင်နေပါတယ်။ သူတို့မိသားစုကိုလည်း ပျော်ရွှင်စေချင်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့လျှောက်တဲ့လမ်းအတိုင်းလျှောက်လာခဲ့ဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။ ညီအစ်ကိုတို့အားလုံးကို အစစအရာရာပြည့်စုံပါတယ်။ မိသားစုညီအစ်ကိုမောင်နှမအရင်းအချာလို၊ တပ်ဖွဲ့ဝင်တစ်ယောက်လို ကျွန်တော်တို့ကို လိုလေသေးမရှိ အစစအရာရာ စီမံပေးတဲ့ တပ်မတော်သားအားလုံးကို ကျွန်တော်ဒီနေရာကနေ ကျေးဇူးတင်တယ်လို့ပြောချင်ပါတယ်ခင်ဗျ။ ကျွန်တော် အမေတို့နဲ့ ပြန်တွေ့ရင် မိန်းမနဲ့ပြန်တွေ့ရင် ငိုမိမှာပါ။ ဒါပေမဲ့ နောက်နောင် အမေ့ရှေ့မှာ ကျွန်တော်ကတိပေးချင်တာ နောက်နောင် ဒီလိုအမှားမျိုး ဘယ်တော့မှမမှားတော့ဘူးလို့ အမေ့ကိုအကြိမ်ကြိမ်ကတိပေးချင်ပါတယ်ဗျ"ဟုပြောသည်။

"စစ်မှုထမ်းရမယ်ဆိုပြီးတော့ ကျွန်တော်တို့ကို တစ်အိမ်တစ်ယောက်မလိုက်လို့ မရဘူးပေါ့။ စည်းရုံးပြီးတော့ခေါ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ သူငယ်ချင်းငါးယောက်ပါသွားပါတယ်။ ကျွန်တော်တို့လည်း စိတ်မပါဘဲပါခဲ့ရတာဖြစ်လို့ မပြေလည်မှုတွေပဲ ကြုံတွေ့နေရတယ်။ ဒုက္ခတွေက အများကြီးရောက်ခဲ့ရတယ်။ အကူအညီမဲ့ခဲ့တယ်။ ထွက်ပေါက်တွေရှာလာပြီးတော့ ကျွန်တော်တို့ထွက်ပြေးလာခဲ့တာပါ။ ကျွန်တော်တို့စိတ်နဲ့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးတော့ အဲ့ဒီလိုမျိုးလာခဲ့တာပါ။ အလင်းဝင်အခမ်းအနားတွေလုပ်ပေးတယ်။ ဆုကြေးငွေတွေပေးတယ်။ ပြီးရင် မိဘရပ်ထံကိုလည်း ပြန်လွှတ်အပ်နှံပေးပါတယ်။ ဝမ်းသာပါတယ်။ ကျေနပ်မှုရှိပါတယ်။ ကျွန်တော်အားလည်း အားရပါတယ်။ ပီတိလည်းဖြစ်ပါတယ်။ စားတာသောက်တာတွေကလည်းကောင်းကောင်းမွန်မွန်ကျွေးမွေးပါတယ်။ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပါတယ်။ တောထဲမှာကျန်ရှိနေတဲ့သူငယ်ချင်းတွေကို ကျွန်တော့်လိုပေါ့ အမြင်မှန်ရစေချင်တယ်။ ကျွန်တော်တို့ဆီကို အပါဆွဲခေါ်ချင်တာပေါ့"ဟုပြောသည်။





(၁၀၀)

# ၂၀၂၅ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုနှင့် အကောင်းဆုံး(အုပ်ချုပ်သူ/နည်းပြ) ဆုများချီးမြှင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၂၅ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုနှင့် အကောင်းဆုံး (အုပ်ချုပ်သူ/ နည်းပြ) ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဂုဏ်ပြုအမှာစကားပြောကြားပြီး၂၀၂၅ခုနှစ်အတွက်အကောင်းဆုံးအားကစားသမား (အမျိုးသား/ အမျိုးသမီး)၊ အကောင်းဆုံး အုပ်ချုပ်သူ/ နည်းပြဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ကာယဗလအားကစားသမား မောင်ရဲထွန်းနောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲကို လမ်းမတော်မြို့နယ် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်အမျိုးသားကြက်တောင်အားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို အားကစားသမား ၂၃၉ ဦးဖြင့် မေလ ၁၁ ရက်မှ ၁၅ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

၁ ကျောဖုံးမှအဆက်

ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် DPLA အဖွဲ့ဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၄၀ ဦး၊ TNLA အဖွဲ့ဝင် အမျိုးသား ၃ ဦးနှင့် PDF အဖွဲ့ဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၇၂ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့မှအမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၃၇ ဦး၊ ကျောက်မဲမြို့မှအမျိုးသား ၆ ဦး၊ အမျိုးသမီး ၂ ဦး၊ သီပေါမြို့မှအမျိုးသား ၇ ဦး၊ အမျိုးသမီး ၃ ဦးတို့ကို တာဝန်ရှိသူများကကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ





ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက်ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

"ကျွန်တော်ကတော့ ဒီအဖွဲ့အစည်းထဲကို ၂၀၂၅ ခုနှစ် ၃ လပိုင်းမှာ မတရားဆွဲဆောင်ခံရပြီးတော့ သင်တန်းကွင်းထဲကို ပို့ဆောင်ခံရပါတယ်။ သင်တန်းကွင်းမှာတော့ ကျွန်တော်တို့က သင်တန်းသုံးလတက်ရပါတယ်။ သင်တန်းကွင်းထဲမှာတော့ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ လူမျိုးရေးခွဲခြားခံရတာတွေ များလွန်းလို့ ကျွန်တော်တို့စိတ်နာပြီး အစိုးရဘက်ကလည်း အလင်းဝင်ရောက်သူတွေကို နွေးထွေးစွာကြိုဆိုတဲ့ သတင်းကြားရလို့ ကျွန်တော်တို့လည်း အမြန်ဆုံး ဥပဒေဘောင်အတွင်း ဝင်လာခဲ့ပါတယ်။ သင်တန်းကွင်းထဲမှာလည်း လူမျိုးခွဲခြားခံရတာတွေ အစားအသောက်ကလည်း တစ်ပတ်လောက်နေမှ အသားတစ်ခါလောက်စားရပါတယ်၊ သင်တန်းပြီးတော့လည်း ကျွန်တော်တို့ကို တပ်သားအနေနဲ့ သိန္နီမြို့ဘက်ကို ပို့လိုက်တယ်။ အဲ့ဒီကိုရောက်တော့ ကျွန်တော်တို့ကင်းစောင့်ရတယ်၊ ထင်းခွဲရတယ်၊လက်အောက်ငယ်သားအချင်းချင်း အနိုင်ကျင့်ခံရတယ်။ အဲ့ဒါတွေကို ကျွန်တော်တို့ကစိတ်နာပြီးတော့ တရားဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ တောထဲမှာ ကျန်တဲ့သူငယ်ချင်းတွေကိုလည်း အမြန်ဆုံးအမှန်တရားရပြီးတော့ အလင်းဝင်ရောက်နိုင်ဖို့ ကျွန်တော် ဒီကနေ တိုက်တွန်းလိုက်ပါတယ်"ဟုပြောသည်။

"၂၀၂၅ ခုနှစ် ၉ လပိုင်းမှာ အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့ပါတယ်။ ရောက်ရောက်ချင်းမှာတော့ ကောင်းကောင်းမွန်မွန်နေရပါတယ်။ နောက်ပိုင်းမှာကျတော့ သင်တန်းသွားရင်လည်း အခက်အခဲများနဲ့ကြုံရပါတယ်။ သင်တန်းလည်း ကောင်းကောင်းမတက်ရဘူး။ အမြဲတမ်းရိုက်နှက်ခံနေရပါတယ်။ ဝင်ဝင်ချင်းလည်း စိတ်ညစ်ရတယ်။ နောင်တတွေလည်းရခဲ့တယ်။ လုံးဝမနေချင်တော့ဘူး။ သင်တန်းစတက်ချင်းမှာပဲ အမြဲတမ်းထွက်သွားဖို့တွေးနေခဲ့တယ်။ အခုကျတော့လည်း မိဘအိမ်ပြန်ရတော့ အရမ်းလည်းပျော်ရပါတယ်။ သင်တန်းပြီးတော့ ဂိတ်တွေစောင့်ရတယ်။ ဂိတ်စောင့်ချိန်မှာလည်း အစောကြီးမရောက်လို့ အမြဲတမ်းပြဿနာရှာခံရပါတယ်။ ကောင်းကောင်းမွန်မွန်လည်း မနေရဘူး။ အစားဆင်းရဲ၊ အနေဆင်းရဲ နေခဲ့ရတယ်။ အချိန်ပြည့်ပြေးနေရတယ်။ ညဆိုလည်း ကောင်းကောင်းမအိပ်ခဲ့ရဘူး။ နေ့တိုင်းနေ့တိုင်းဆဲဆိုခံရပြီး နှိပ်စက်ခံရတယ်။ ပြီးတော့ ဒီကိုအလင်းဝင်မယ့်အချိန် ပထမအခေါက်ထွက်ပြေးတုန်းက သူတို့ဖမ်းမိခဲ့တယ်။ ရက် ၂၀ လောက် ကျွန်မကို ခြောက်ပေါက်ထဲထည့်ထားတယ်။ အစကတော့ ကျွန်မကိုသတ်တော့မလို့၊ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးအရမ်းတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ စေတနာမေတ္တာကိုလည်း ကျွန်မတို့နားလည်ပါပြီ။ ကျွန်မလည်း ကောင်းကောင်းမွန်မွန် နေထိုင်သွားပါမယ်လို့ ဆုံးဖြတ်ထားပါတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း အမြန်ဆုံး အလင်းဝင်ရောက်လာပါလို့ မေတ္တာရပ်ခံပါတယ်" ဟုပြောသည်။ (၁၀၀)

---

# နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းတွင်ဖွင့်လှစ်လျက်ရှိသော အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား / သင်တန်းသူများအား သွားရောက်တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများအား အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)၌ တက်ရောက်လျက်ရှိသည့် သင်တန်းသား/ သင်တန်းသူများ၏ သင်ခန်းစာသင်ကြားပို့ချသင်ယူနေမှုများအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းသား/သင်တန်းသူများအား အမှာစကားပြောကြားပြီး သင်တန်းသား/သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် သင်တန်းသား/သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သင်တန်းသား/သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ သင်ခန်းစာသင်ကြားနေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းသည် ယမန်နေ့က မိတ္ထီလာမြို့နယ်ရှိ Garden Family ကုမ္ပဏီ ဆိတ်မွေးမြူရေးခြံ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများ၊ ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မိတ္ထီလာဒေသ၌ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices – GAHP) နှင့်အညီ လိုက်နာဆောင်ရွက်သော မွေးမြူရေးဇုန်များ ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားကဏ္ဍထုတ်လုပ်မှု မြှင့်တင်ရေးအတွက် ပူးပေါင်းကြိုးပမ်းကြရန်တိုက်တွန်းပြောကြားပြီး ဆိတ်မွေးမြူရေးလုပ်ငန်းရှင်များက ဆိတ်မွေးမြူရာတွင် ကြုံတွေ့ကြရသည့် မျိုးလိုအပ်ချက်၊ သယ်ယူပို့ဆောင်ရေးအခက်အခဲနှင့် မြေယာအသုံးပြုမှုလိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့၌ အစာစပ်လုပ်ငန်းရှင်များ၊ ဝက်၊ ဆိတ်၊ ကြက်မွေးမြူသူများနှင့်တွေ့ဆုံ၍ လက်ရှိမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုများ၊ ထုတ်လုပ်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

မြဝတီ

---

## ရေချွေတာရေးနည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင်ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံးအသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

---

## ထူးခြားသည့်နေ့အပူချိန်များ

၁၁-၅-၂၀၂၆

| | | | | |
|---|---|---|---|---|
| ကော့ကရိတ် | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မော်လမြိုင် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မုဒုံ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| သိမ်ဇရပ် | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြိတ် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin addresses opening ceremony of 9th UN Peacekeeping Course




Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin addresses the opening ceremony of the 9th UN Peacekeeping Course jointly organized by the Myanmar Tatmadaw and the Indian Armed Forces.

NAY PYI TAW May 11

The inauguration ceremony of a UN Peacekeeping Officer Course, jointly run by Myanmar Tatmadaw and Indian Armed Forces, took place at PARKROYAL Hotel in Nay Pyi Taw this afternoon. The course is conducted to disseminate knowledge of the functions of the UN peacekeeping forces among officers and other ranks of Myanmar Tatmadaw.

Present on the occasion were Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, Indian Ambassador to Myanmar H.E. Mr. Abhay Thakur, military attaches, officer instructors from the Indian Armed Forces, officer trainees from Myanmar Tatmadaw and officials.

General Kyaw Swa Lin and party were conducted round the documentaries on the performance of duty in UN peacekeeping, and joint drills between the two Armed Forces in connection with UN peacekeeping.

General Kyaw Swa Lin and the Indian Ambassador gave opening speeches.

The General and attendees watched a video clip on the Indian Army Contribution to the United Nation Peacekeeping Operations. Later, the leading instructor from Center for United Nations Peacekeeping (CUNPK) of India explained the objectives of the course and training in connection with UN peacekeeping.

The General, the ambassador and leading instructor exchanged commemorative gifts. They posed for documentary photos together with attendees, officer instructors and trainees.

It is the ninth UN peacekeeping course and 30 officer trainees of Tatmadaw (Army, Navy and Air) will attend it. The course will distribute practical and theoretical lessons on the history of UN peacekeeping, its structure, rules, ongoing activities, codes of conduct for UN peacekeeping forces, protection of civilians, child protection, civil-military cooperation, patrolling, convoy safety, establishment of a company base, blue helmet training. The course continues till 22 May. **100**

# Pantanaw Township sends 60,000 viss of river catfish to Yangon market

PANTANAW May 11

"Local fishery merchants of Pantanaw Township of Ayeyawady Region supplied 60,000 viss of river catfish to Yangon market," said Daw Tin Nwe, the owner of fishery product depot in Pantanaw Township.

From Pantanaw Township to the Yangon Market, about 60,000 viss of river catfish were exported and sold.

"During the past month, we were able to export and sell up to 60,000 viss of river catfish. Compared to the previous month, a significantly larger volume was exported. Aquatic products from Pantanaw Township are being transported and sold to the Yangon market. Both last month and at present, trading of aquatic products in Yangon has been good. River catfish are also in strong demand in the domestic market. As exports have increased, those involved in the catfish business are seeing improved conditions," said Daw Tin Nwe.

It is reported that river catfish exported from Pantanaw Township to the Yangon market are priced at up to Ks-155,000 per 10 viss. Due to the increased exports to Yangon, fish farmers, traders, pond workers, and transport operators are all benefiting. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

●● From Page - 21

gratitude. Afterwards, the Commander and officials warmly greeted the attendees.

The state is continuing to welcome returnees, providing necessary support and systematically handing them over to their families. It is reported that more individuals still wish to return to the legal framework. Those wishing to do so are encouraged to quickly contact nearby military or police stations, where they will be welcomed and provided with necessary assistance, along with rewards for turning over weapons and ammunition.

The following are the voices of those who have returned to the legal framework.

**1.** I was unlawfully recruit-



ed into this organization in March 2025 and sent to a training camp. At the camp, we had to undergo three months of training. We faced so many difficulties and ethnic discrimination in the camp that we became resentful. Also, after hearing news that the government warmly welcomes defectors, we quickly came within the legal frame-work. In the training camp, we faced racial discrimination, and the food was such that we only got to eat meat about once a week after staying for about a week. After training, we were sent as soldiers to the Hsenwi area. Once there, we had to stand guard, chop wood, and endured bullying among junior soldiers. Fed up with all this, we decided to enter the legal framework. From here, I urge my friends still in the jungle to quickly realize the truth and defect.

**2.** I arrived at the terrorist group in September 2025. At first, things were fine. But later, whenever we went for training, I faced difficulties. I couldn't even train properly and was constantly beaten. From the very beginning, I felt distressed and regretful. I absolutely did not want to stay. As soon as the training started, I kept thinking about leaving. Now that I have returned to my parents' home, I am very happy. After training, we had to guard checkpoints. While guarding, if I arrived even slightly late, I was constantly harassed and couldn't live in peace. We suffered from lack of food and harsh living conditions. We had to run all the time. At night, I couldn't sleep well. Every single day, I was verbally abused and tortured. The first time I tried to escape and defect here, they caught me. They kept me in a pit for about 20 days. At first, they were going to kill me. I am deeply grateful to the government. We also understand the good will and compassion of the national leaders. I have decided to live a good and



proper life. I earnestly plead with my friends still remaining in the jungle to defect as soon as possible.

**100**

►► From Page - 21

fold are welcomed and accepted with necessary assistance and handed over to parents and guardians systematically. It was reported that more armed group members wish to return to the legal framework. So, they need to contact nearby military camps and police stationsas quickly as possible. If so, they will be welcomed and accepted there with necessary aids. And, cash awards will be given for arms and ammunition.

The voices of those who have returned to the legal fold are as follows: -

**1.** In the persuation process, they told me that I would be provided with rice, cooking oil, salt, chilli, and onions, and that I would not have to go to fighting. Because of that, I was deceived by their lies and followed them. Seeing death and injuries every day, I began to think about and miss my family back home. I also realized that the path I had taken was wrong. When



I learned that the Tatmadaw warmly welcomed those who returned in time to correct their path, I decided to come back to the legal fold. I am very happy and deeply relieved now. My family is also just as happy as I am. I want other families to be happy as well, so I would like to invite my fellow brothers who are still following this path to come back the right way from here. Everything is well provided, and I would like to sincerely thank all the Tatmadaw members who take care of us in every way, treating us like family members, without letting us lack anything. At a time when I meet my mother and my wife again, I will probably cry. But I want to repeatedly promise my mother that I will never make such a mistake again in



the future.

**2.** They said that military service had to be carried out and that one person from each household could not be exempt, so they organized and recruited us. Five of my friends and I were taken along. Since we joined unwillingly, we faced only difficulties and suffered a lot. We were helpless and eventually tried to find an escape, so we fled. We made that decision on our own and came back in this way. The Tatmadaw organized a ceremony for our return to the legal fold, gave us rewards, and later sent us back to our parents' hometowns. I am happy and satisfied. I feel relieved and also very glad. We are being well fed and properly cared for. For my friends who are still in the jungle, I want them to realize the truth like I did. I also want to persuade them to come back and join us.

**100**

# All sown acreage of maize harvested in Sagaing Township

SAGAING May 11

Local farmers reaped all plantations of maize in Sagaing Township of Sagaing Region, according to the township Agriculture Department.

In Sagaing Township, a total of 3,072 acres of maize and 22,529 acres of sweet corn were cultivated during the winter cropping season, amounting to 25,601 acres in total. Harvesting of the cultivated maize fields began in January this year and has continued up to the present, with harvesting now fully completed across all acres.

It is reported that maize yielded 52.39 baskets per acre from 3,072 acres, while sweet corn from 22,529 acres produced over 23,000 cobs per acre.

"During the winter cropping season in Sagaing Township, a total of 25,601 acres of maize and sweet corn were cultivated. At present, harvesting has been 100 percent completed across all maize fields. Awareness activities were also carried out to support successful maize cultivation and to prevent pest and disease outbreaks," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

The township agriculture department has been providing training to maize farmers, conducting field demonstrations, and raising awareness on preventive measures against fall armyworm infestations. Integrated pest management practices have also been promoted, including the use of neem-based pesticides, ginger and chili-based natural pest control methods, and other agricultural techniques.

In Sagaing Township, maize yields over 50 baskets per acre with a cultivation cost of around Ks-500,000 per acre, while sweet corn produces about 15,000 cobs per acre with a similar cost of over Ks-500,000 per acre.

**SK**

# Trading of tilapia fish in high demand at domestic market in Myanaung Township

MYANAUNG May 11

"Tilapia fish is being traded with high demand at the fish and meat market in Myanaung Township of Ayeyawady Region," said Daw Aye Thet, the owner of fishery product trading depot in Myanaung Township.

Trading of tilapia fish is booming at the domestic market in Myanaung Township from the first week of December to date. Its trading is 2,000 viss to 3,500 viss per day at the domestic market due to high demand of consumers.

"In the fish market, demand for tilapia has recently been strong. Prices vary depending on weight and freshness. As sales of tilapia—one of the main freshwater products—have improved, workers, traders, and major fish farmers are seeing better business conditions.

Normally, supply is not consistent, but daily sales now reach more than 3,500 viss," said Daw Aye Thet.

In Myanaung Township, wholesalers purchase locally sourced tilapia, process them to market standards, and distribute them for sale. Tilapia from the area are currently selling for up to Ks-18,500 per viss.

**SMK**

# China ready to strengthen cooperation with Russia in various spheres



BEIJING May 11

China is ready to strengthen cooperation with Russia in various areas and contribute to the construction of a more equitable system of global governance, Chinese Foreign Ministry spokesman Guo Jiakun said on Monday.

"China is willing to continue to uphold the spirit of unwavering good-neighborliness, comprehensive strategic coordination, and mutually beneficial cooperation with Russia, continuously strengthen cooperation in various fields, and promote the construction of a more equitable and rational global governance system," Guo told a briefing.

Chinese-Russian relations have maintained solid, in an ever-changing world, Guo also said.

"In recent years, under the strategic leadership of Chinese President Xi Jinping and Russian President Vladimir Putin, Chinese-Russian relations have maintained a high level of development, bringing significant stability to a world full of change and uncertainty," the spokesman said.

**Sputnik**

# China confirms dates for Trump State visit

BEIJING May 11

The Chinese Foreign Ministry has confirmed that US President Donald Trump will pay a State visit to Beijing from May 13 to 15, the first such trip in nearly nine years.

The summit had initially been planned for late March but was postponed due to the US-Israeli war on Iran, which disrupted global energy markets following the effective closure of the Strait of Hormuz.

Principal deputy White House press secretary Anna Kelly described the trip as one of "tremendous symbolic significance" that would focus on "rebalancing the relationship with China and prioritizing reciprocity and fairness to restore American economic independence."

The US president will hold bilateral talks with Chinese President Xi Jinping on Thursday, and the two leaders are expected to meet again on Friday for a tea session and working lunch.

Last month, US Trade Representative Jamieson Greer said Washington was seeking to preserve stability in bilateral ties while securing continued access to Chinese rare earth minerals essential for American industry.

A senior US official told reporters on Sunday that Washington may also try to pressure Beijing over purchases of Iranian oil and Tehran's acquisition of potential dual-use goods.

China, which has rejected Washington's "unilateral" sanctions targeting Iran's oil sector, has repeatedly called for the war to end. Trump's visit comes just a week after Beijing hosted Iranian Foreign Minister Abbas Araghchi.

The path to the summit was paved by a temporary trade truce reached in South Korea last October after Trump's tariffs on Chinese goods climbed as high as 145 percent. Beijing responded by restricting exports of rare earths critical to US industry and military production, forcing several American factories to suspend operations.

**RT**

# Putin's Invitation for Trump to visit Moscow is still on table

MOSCOW May 11

Russian President Vladimir Putin's invitation to his American counterpart Donald Trump to visit Moscow remains valid, Kremlin spokesman Dmitry Peskov said on Monday.

"Yes, of course. I have no doubt that the President of Russia will be glad to welcome his counterpart in Moscow," Peskov said.

Russia has received no response from the European Union regarding its proposal to appoint former German Chancellor Gerhard Schroeder as a key negotiator for talks between Russia and the EU, Peskov said.

Russian President Vladimir Putin said last week he personally preferred that Schroeder represent the EU in the talks, but added that Europeans should choose a negotiator they trust, someone who had not made offensive remarks about Russia. Putin's remarks generated a "storm of debates" in Europe, Peskov said.

**Sputnik**

# Turkish Airlines plane catches fire in Kathmandu airport



KATHMANDU May 11

A Turkish Airlines plane caught fire in its landing gear tires when landing in Nepal's Tribhuvan International Airport on Monday morning, an official said.

The passengers were evacuated through the emergency door while firefighters doused the fire. Raj Kumar Silwal, spokesperson at Airport Security Office, said 276 passengers and 11 crew members were rescued safely.

As the incident occurred on the runway, landings and takeoffs at the airport have been obstructed. Efforts were underway to tow the plane towards the taxiway, said Gyanendra Bhul, information officer at the Civil Aviation Authority of Nepal.

**Xinhua**

# China launches Tianzhou-10 cargo spacecraft to Tiangong orbital station

BEIJING May 11

China launched the Tianzhou-10 cargo spacecraft to the Tiangong orbital station on Monday, the China Manned Space Agency announced.

"The Chang Zheng 7 Y11 launch vehicle carrying the Tianzhou-10 cargo spacecraft lifted off from the Wenchang Satellite Launch Center at 8:14 a.m. Beijing time [00:14 GMT] on May 11. Approximately 10 minutes later, Tianzhou-10 successfully separated from the rocket and entered its designated orbit," the agency said in a statement.

The launch was deemed a success. The spacecraft, which carries a spacesuit for extravehicular activity (EVA), consumables for the astronauts' stay in orbit, fuel, and experimental equipment, will then dock with the Tiangong orbital station.

**Xinhua**

# One American tested positive for hantavirus

NEW YORK May 11

An American passenger from a hantavirus-hit Dutch cruise ship has tested positive for the virus and another has mild symptoms, the U.S. Department of Health and Human Services announced Sunday.

All 17 American citizens from the MV Hondius cruise ship are currently en route via an airlift to the United States, with the two travelling in the plane's biocontainment units out of an abundance of caution, the department wrote in a post on the social platform X.

The airlift will first take passengers to the Regional Emerging Special Pathogen Treatment Center (RESPTC) at the University of Nebraska Medical Center/Nebraska Medicine in Omaha, Nebraska, before transferring the passenger with mild symptoms to a second RESPTC at their final destination, it said.

"Upon arrival at each facility, each individual will undergo clinical assessment and receive appropriate care and support based on their condition," the department said in the post.

As of Saturday, there were eight suspected cases associated with the outbreak and three deaths, it said.

The incubation period for hantavirus, from first exposure to symptoms, is estimated at one to eight weeks, according to the Centers for Disease Control and Prevention. The disease is usually spread by rodents but can, in rare cases, move from person to person, and kills more than a third of people infected.

**Xinhua**

# 72 individuals—30 men and 42 women—from DPLA, TNLA, and PDF groups, who understand and trust the state and military's peace processes, further return to legal fold

NAY PYI TAW May 11

The State Government has been inviting those who remain in organizations that oppose the government under various names, including the PDF, to return to the legal framework, and has been providing necessary assistance to those who do so. Accordingly, a further 72 people—16 men and 40 women from the DPLA, 3 men from the TNLA, and 11 men and 2 women from groups claiming to be the PDF—have entered the legal framework, as they have come to understand the state and military's peace processes.

This morning, a ceremony to welcome and hand over these returnees to their parents and guardians was held at the Kyat Thayay Saung Hall in Kyaukme, northern Shan State. Among those handed over were 17 men and 37 women from Nawnghkio town, 6 men and 2 women from Kyaukme town, and 7 men and 3 women from Hsipaw town. The event was attended by Major General Aye Min Oo, Commander of the Northeast Command, along with responsible officials, departmental personnel, the returnees, and their parents/guardians.

First, the Commander gave an opening speech, followed by the State Deputy Police Chief clarifying legal matters. Then, the Commander and officials provided supplies to the returnees, had them sign acknowledgment and pledge forms, and transferred them to their parents/guardians. A representative of the returnees then expressed

See Page - 19 ●●



A senior officer from North-East Command presents a certificate of honour to a returnee to the legal fold in Kyaukme Station.

# 31 male members of AA and PDF groups accepting peace process of the State and the Tatmadaw return to the legal fold bringing along with arms and ammunition

NAY PYI TAW May 11

The State Government has been inviting those who are involved in armed groups under various names opposing the government, including PDF, to return to the legal fold. As the government provides necessary assistance and support to those who choose to return, a total of 31 male members from the AA group and PDF group, who have understood the peace processes of the State and the Tatmadaw, have once again returned to the legal fold together with their arms and ammunition.

They were seven AA group members—three male members from Thandwe Township, one from MraukU Township, one from Maungtaw Township and one from Rathedaung Township of Rakhine State, and one from Pyapon Township of Ayeyawady Region, and 24 PDF members—two male members from Pathein Township, two from Ngayokkaung of Ngaputaw Township, one from Kyangin Township, 12 from Laymyethna Township, three from Ingapu Township, two from Yekyi Township, one from Mawlamyinegyun Township of Ayeyawady Region and one from Amarapura Township of Mandalay Region. Officials welcomed and accepted them. A ceremony to transfer those who returned to the legal fold to parents and guardians took place at Ayeyawady Hall of the South-West Command Headquarters this morning. Ayeyawady Region Chief Minister U Aye Kyaw, Region Hluttaw Speaker U Thein Tun, Commander Brig-Gen Aung Kyaw Khaing, officials, departmental officials, the returnees, their parents and guardians.

The Chief Minister delivered a speech while the Commander explained the legal affairs. The returnees handed over three MA-1, two M-22, one grenade, 338 rounds of ammunition and six magazines to the Commander.

The Region Chief Minister and the Commander presented Ks-25 million for five automatic rifles, Ks-300,000 for one grenade and Ks-9.3 million for the returnees, totalling Ks-34.6 million to the returnees. Then, those returnees signed the pladge and were transferred to the parents and guardians. Afterwards, a guardian of returnees spoke words of thanks.

Members of ethnic armed organizations and PDF group who have returned to the legal fold are reported to have done so for several reasons. These include being forcibly recruited, as well as rejecting violent acts carried out for the benefit of terrorist groups—such as threats, arrests, and killings of innocent civilians and public service personnel, and the planting and detonating of landmines to destroy non-military infrastructure such as roads and bridges. Moreover, there have been ethnic discrimination, hierarchical abuse, torture, killings, and other forms of coercion among members within these groups, along with harsh living conditions, poverty, and hardship. In addition, they have become demoralized due to their inability to withstand military offensives by the Tatmadaw. Furthermore, they have trusted and accepted the peace processes of the State and the Tatmadaw, and wish to live peacefully within the legal framework while contributing positively to the country and the public, who have suffered losses due to their actions. For these reasons, they have abandoned the armed struggle line and returned to the legal fold.



Ayeyawady Region Chief Minister U Aye Kyaw presents cash rewards to a returnee to the legal fold at Ayeyawady Hall of the South-West Command Headquarters.

Those who return to the legal

See Page - 19►►

# အီရန်စစ်ပွဲနဲ့ဟော်မုရေလက်ကြားကိစ္စကို အဓိကထားဆွေးနွေးလာနိုင်တဲ့ ရှီကျင့်ဖျင်-ထရမ့်ဆွေးနွေးပွဲ

ကမ္ဘာ့ဇာတ်ခုံပေါ်မှာ မဟာအင်အားကြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ဆက်ဆံရေးဟာ အမြဲတမ်းလိုလို ပူနွေးသွားလိုက်၊ အေးစက်သွားလိုက်နဲ့ စိတ်ဝင်စားစရာ ကောင်းနေခဲ့တာပါ။ အခုတစ်ခေါက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ရဲ့ ထိပ်သီးဆွေးနွေးပွဲက တော်တော်လေးအချိန်ဆွဲနေခဲ့ရပါတယ်။ မူလစီစဉ်ထားတဲ့အချိန်ထက် သီတင်းပတ်ခြောက်ပတ်လောက်နောက်ကျသွားခဲ့တဲ့ ဒီခရီးစဉ်ဟာ အခုအပတ်ထဲမှာမှဖြစ်လာတော့မှာပါ။ အချိန်အားဖြင့် မေလ ၁၃ ရက်မှ ၁၅ ရက်အထိဖြစ်တယ်လို့ တရုတ်အစိုးရဘက်က တရားဝင်ထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ အခုလုပ်မယ့်ဆွေးနွေးပွဲမှာ အဓိကထားဆွေးနွေးမယ့်အကြောင်းအရာက အရင်လို ကုန်သွယ်ရေးစစ်ပွဲတစ်ခုတည်းမဟုတ်တော့ဘဲ လက်ရှိဖြစ်ပွားနေတဲ့ အီရန်စစ်ပွဲနဲ့ ဟော်မုရေလက်ကြား ပိတ်ဆို့မှုပြဿနာဖြစ်လာနိုင်ပါတယ်။

တကယ်တော့ အီရန်စစ်ပွဲဟာနှစ်နိုင်ငံစလုံးအတွက် ခေါင်းခဲစရာကိစ္စပါ။ အမေရိကန်ရော တရုတ်ရောက ဒီရေလက်ကြားကြီး အမြန်ဆုံးပြန်ပွင့်ဖို့နဲ့ ဒေသတွင်းမတည်ငြိမ်မှုတွေ အပြီးတိုင်ရပ်တန့်သွားဖို့ကို တိတ်တဆိတ် မျှော်လင့်နေကြတာချင်းတော့ တူပါတယ်။ ဒါပေမဲ့ ပြဿနာကိုဖြေရှင်းချင်တဲ့ပုံစံနဲ့ ရှုမြင်ပုံမှာ သူတို့နှစ်နိုင်ငံက ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေတယ်လို့ပြောရမှာပါ။ အမေရိကန်ဘက်ကနေ ကြည့်မယ်ဆိုရင် သူတို့က စွမ်းအင်အရင်းအမြစ်မှာ တော်တော်လေးဖူလုံနေပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေပါတယ်။ "ငါတို့ဆီမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့ အလုံအလောက်ရှိတယ်၊ ပင်လယ်ကွေ့မှာ ဘာတွေပဲဖြစ်ဖြစ် ငါတို့က ခံနိုင်ရည်ရှိတယ်" ဆိုတဲ့ သဘောမျိုးပါ။ ဒါ့အပြင် သူတို့က တစ်ဖက်လှည့်နဲ့ ဘာကိုတွက်နေသလဲဆိုရင် အခုလိုမျိုးစွမ်းအင်ပြတ်တောက်မှုတွေဟာ စွမ်းအင်တင်သွင်းမှုအပေါ် အကြီးအကျယ်မှီခိုနေရတဲ့ တရုတ်ကိုသာ ပိုပြီးထိခိုက်စေလိမ့်မယ်လို့ယူဆနေတာပါ။

တစ်ဖက်မှာလည်း တရုတ်နိုင်ငံက အကွက်ကျကျပြန်တွက်နေတာရှိပါတယ်။ တရုတ်ရဲ့အမြင်မှာတော့ ဒီမတည်ငြိမ်မှုတွေကြာရှည်လေလေ၊ အမေရိကန်နဲ့ သူ့ရဲ့ အနောက်အုပ်စုမဟာမိတ်တွေအတွက် စစ်ရေးအရသာမက စီးပွားရေးအရပါ ဝန်ထုပ်ဝန်ပိုးဖြစ်လာလေလေပဲလို့မြင်ထားတာပါ။ ဒါကြောင့်လည်း နှစ်ဖက်စလုံးက ဘယ်သူအရင်လက်လျှော့မလဲဆိုတဲ့ အကဲစမ်းပွဲမျိုး ဆင်နွှဲနေကြတာပါ။ ဝါရှင်တန်အခြေစိုက် ကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ဂျက်စီမာ့ကတော့ ထရမ့်အနေနဲ့ တရုတ်နိုင်ငံကိုရောက်တဲ့အခါ ရှီကျင့်ဖျင်ကို အီရန်နဲ့ပတ်သက်ပြီး အပေးအယူတစ်ခုခုလုပ်ဖို့ ကမ်းလှမ်းနိုင်တယ်လို့ ဆိုပါတယ်။ အထူးသဖြင့် အီရန်ရဲ့ သန့်စင်ယူရေနီယံသိုလှောင်မှုတွေကိုစောင့်ကြည့်ပြီး နျူကလီးယားအန္တရာယ်ကိုထိန်းချုပ်ဖို့ နိုင်ငံတကာ ယန္တရားတစ်ခုမှာ တရုတ်ကို ပါဝင်လာစေချင်တာပါ။

ဒါပေမဲ့ တရုတ်ဘက်ကတော့ ဒါနဲ့ပတ်သက်ပြီး အလွန်စိတ်ဝင်တစားတုံ့ပြန်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်သမ္မတ ရှီကျင့်ဖျင်က အီရန်ကိစ္စကို သီးခြားထားချင်လို့ပါ။ သူက အခုလုပ်မယ့် ထိပ်သီးဆွေးနွေးပွဲမှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ နည်းပညာတိုးတက်မှုကို အဟန့်အတားဖြစ်နေတဲ့ ကိစ္စတွေကိုပဲ အဓိကထားဆွေးနွေးချင်နေတာဖြစ်ပါတယ်။ တရုတ်ရဲ့ အမြင်မှာတော့ ထရမ့်က အီရန်နဲ့ပတ်သက်ပြီး တစ်ခုခုအလျှော့ပေးလိုက်တာထက် စစ်ပွဲကြီးတစ်ခုလုံးကို အမြန်ဆုံးအေးအေးချမ်းချမ်းပြီးဆုံးသွားအောင်လုပ်ပေးတာကသာ တရုတ်နိုင်ငံအတွက် တကယ့်လက်ဆောင်လို့ သတ်မှတ်ထားတာပါ။ ဒါကြောင့်လည်း ထရမ့်က သူ့ရဲ့ ၁၄ ချက်ပါငြိမ်းချမ်းရေးအဆိုပြုချက်ကို တရုတ်ဆီက ဘယ်လိုအဖြေပြန်ရမလဲဆိုတာကို အရမ်းစိတ်ဝင်စားနေတာပေ့ါ။ အဲဒီအဆိုပြုချက်ထဲမှာ ရက်ပေါင်း ၃၀ အတွင်း အသေးစိတ်ဆွေးနွေးမှုတွေလုပ်ဖို့နဲ့ ဒီကာလအတွင်း ဟော်မုရေလက်ကြားမှာ သင်္ဘောတွေသွားလာခွင့်ကို ပြန်ဖွင့်ပေးဖို့ ပါဝင်နေပါတယ်။

ဒီရေလက်ကြားကြီးဟာ ကမ္ဘာ့စီးပွားရေးအတွက် အသက်သွေးကြောပါ။ ကမ္ဘာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ ၂၀ ရာခိုင်နှုန်းလောက်ဟာ ဒီနေရာကနေပဲ ဖြတ်သွားရတာပါ။ ဒီနေရာကြီးတစ်ခုလုံး ပိတ်သွားပြီဆိုတာနဲ့ ကမ္ဘာတစ်ဝန်းမှာ ကုန်ဈေးနှုန်းတွေ တက်လာမယ်၊ စက်ရုံတွေလည်ပတ်ဖို့ခက်ခဲလာမယ်ဆိုတာ လူတိုင်းသိပါတယ်။ အထူးသဖြင့် တရုတ်အတွက်ကတော့ နေ့စဉ်ရေနံစည်ပေါင်း ၅ သန်းကျော်တင်သွင်းနေရတဲ့နေရာဖြစ်တဲ့အတွက် ရေလက်ကြားပြန်ပွင့်ဖို့အရေးက သူတို့ရဲ့အမျိုးသားအကျိုးစီးပွားနဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ပညာရှင် Zhu Feng ကတော့ တရုတ်-အမေရိကန် ဆက်ဆံရေးတည်ငြိမ်ဖို့ဆိုတာ စီးပွားရေးအခြေခံကောင်းဖို့လိုတယ်လို့ပြောပါတယ်။ တကယ်လို့များ အီရန်ပဋိပက္ခက ထင်ထားတာထက်ပိုမိုကြာရှည်သွားပြီး အမေရိကန်မှာ ကုန်ဈေးနှုန်းတွေတက်၊ လူထုကြားမှာ မကျေနပ်မှုတွေများလာမယ်ဆိုရင် ထရမ့်အနေနဲ့ သူ့နိုင်ငံရဲ့နိုင်ငံရေးအကျပ်အတည်းကို ကျော်လွှားဖို့အတွက် တရုတ်ကို အမေရိကန်ရဲ့ရန်သူအဖြစ်ပုံဖော်ပြီး ဖိအားတွေပိုပေးလာမှာကို တရုတ်က အတော်လေးစိုးရိမ်နေတာပါ။

ဒီဇာတ်လမ်းရဲ့အစကို ပြန်ကြည့်မယ်ဆိုရင်လည်း တော်တော်လေးကိုရှုပ်ထွေးပါတယ်။ ဖေဖော်ဝါရီလနှောင်းပိုင်းမှာ အမေရိကန်နဲ့ အစ္စရေးတို့ပူးပေါင်းပြီး အီရန်ကို လေကြောင်းတိုက်ခိုက်မှုလုပ်ခဲ့ရာကနေစတာပါ။ အဲဒီနောက်မှာတော့ အီရန်ကလက်တုံ့ပြန်တဲ့အနေနဲ့ ဟော်မုရေလက်ကြားတစ်ခုလုံးကို ပိတ်ချလိုက်ပါလေရော။ အမေရိကန်ကလည်း ရေတပ်နဲ့ ပြန်ပိတ်ဆို့တော့ ကမ္ဘာ့စွမ်းအင်ကွင်းဆက်တစ်ခုလုံး ပြတ်တောက်သွားရပါတယ်။ လက်ရှိ ဒီရေလက်ကြားကိုဖြတ်သွားတဲ့ သင်္ဘောဆိုလို့ လက်ချိုးရေလို့တောင်ရပါတယ်။ ဒီကြားထဲမှာ အမေရိကန်အစိုးရက တရုတ်ကိုလည်း ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်လာပါတယ်။ အီရန်နိုင်ငံကနေ ရေနံဝယ်တဲ့ တရုတ်ရေနံချက်စက်ရုံတွေကိုပိတ်ဆို့တာ၊ အီရန်ကို နည်းပညာကူညီတယ်ဆိုတဲ့ တရုတ်ကုမ္ပဏီတွေကိုဒဏ်ခတ်တာတွေပေ့ါ။

တရုတ်ဘက်ကလည်း ငြိမ်မနေပါဘူး။ သူတို့မှာရှိတဲ့ "Blocking Rules" ဆိုတဲ့ ဥပဒေကို ပထမဆုံးအကြိမ် ထုတ်သုံးပြီး အမေရိကန်ရဲ့ပိတ်ဆို့မှုတွေအပေါ် လုံးဝဂရုမစိုက်ဖို့ သူ့ကုမ္ပဏီတွေကို ပြန်ပြီးအမိန့်ပေးလိုက်ပါတယ်။ ဒါက တရုတ်ရဲ့ သဘောထားတင်းမာမှုကို ပြသလိုက်တာပါပဲ။ အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်က တရုတ်ရဲ့ ဒီလိုလုပ်ရပ်တွေက အကြမ်းဖက်မှုတွေကို ထောက်ပံ့ရာရောက်တယ်လို့ ပြင်းပြင်းထန်ထန်ဝေဖန်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကလည်း "တရုတ်ရေနံချက်စက်ရုံတွေက အီရန်ဆီက ရေနံဝယ်နေတာတွေရပ်သင့်ပြီ၊ မဟုတ်ရင် တရုတ်ရဲ့ပို့ကုန်စီးပွားရေးကပိုခံရလိမ့်မယ်" လို့ သတိပေးထားပါတယ်။

တရုတ်ကတော့ ဒီကြားထဲမှာ ကြားဝင်စေ့စပ်သူအဖြစ်မနေချင်ပါဘူး။ သူက ဘေးကနေ အပြုသဘောဆောင်တဲ့အကြံပေးသူအဖြစ်ပဲနေချင်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်ရော အီရန်ရောက ခန့်မှန်းရခက်တဲ့ နိုင်ငံတွေဖြစ်လို့ သူတို့ကြားမှာ တာဝန်ယူရတဲ့သူ မဖြစ်ချင်တာလည်းပါပါတယ်။ အမေရိကန်ကလည်း တရုတ်ရဲ့အခန်းကဏ္ဍကို သံသယရှိနေပါတယ်။ တရုတ်က အီရန်နိုင်ငံကို စစ်ရေးအတွက် ငွေကြေးထောက်ပံ့နေတယ်လို့ အမေရိကန်ဘက်က ယူဆနေတာပါ။ တရုတ်ကတော့ ရေလက်ကြားပိတ်သွားတာဟာ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ တရားမဝင်စစ်ရေးလှုပ်ရှားမှုတွေကြောင့်လို့ ခပ်ပြတ်ပြတ်ပဲတုံ့ပြန်ထားပါတယ်။

စင်ကာပူက ပညာရှင် ဒိုင်လန်လိုပြောသလိုပါပဲ။ ဒါဟာ မဟာအင်အားကြီးနှစ်နိုင်ငံကြားမှာ ဘယ်သူက ပိုပြီးခံနိုင်ရည်ရှိမလဲဆိုတဲ့ စမ်းသပ်ပွဲတစ်ခုဖြစ်နေပါတယ်။ တရုတ်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေမှာ ဘယ်လောက်ပဲ ထိပ်တန်းရောက်နေပါစေ၊ ရေနံဈေးတက်လာတဲ့ဒဏ်ကိုတော့ ရှောင်လွှဲလို့မရနိုင်ပါဘူး။ အမေရိကန်ကတော့ သူ့အတွက်စွမ်းအင်ဖူလုံပေမယ့် သူ့ရဲ့အာရှမဟာမိတ်တွေဖြစ်တဲ့ ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ စီးပွားရေးထိခိုက်လာရင်သူ့အတွက်လည်း မကောင်းပါဘူး။ ဒါကြောင့် ဘယ်သူကမှ ဟော်မုရေလက်ကြားကို လက်နက်သဖွယ်အသုံးချလို့မရနိုင်ပါဘူး။

နိဂုံးချုပ်ရရင်တော့ အခုလာမယ့် ရှီကျင့်ဖျင်နဲ့ ဒေါ်နယ်ထရမ့်တို့ရဲ့ဆွေးနွေးပွဲဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ စီးပွားရေးအတွက် အဆုံးအဖြတ်ပေးမယ့် ဆွေးနွေးပွဲကြီးတစ်ခုဖြစ်နေပါတယ်။ အီရန်စစ်ပွဲရဲ့အရိပ်မည်းက သူတို့နှစ်ယောက်ကြားမှာ တင်းမာမှုတွေပိုပြီးဖြစ်စေမလား၊ ဒါမှမဟုတ် အပြန်အလှန်နားလည်မှုရပြီး ကမ္ဘာကြီးကို ကယ်တင်နိုင်မလားဆိုတာက တွေးကြည့်ပြီးရင်ခုန်စရာပါပဲ။ နှစ်ဖက်စလုံးက ကိုယ့်အကျိုးစီးပွားကို ရှေ့တန်းတင်နေကြတာဖြစ်လို့ အဖြေကတော့ချက်ချင်းထွက်မှာမဟုတ်ပေမယ့် ဒီဆွေးနွေးပွဲကနေ ထွက်ပေါ်လာမယ့်ရလဒ်တွေက ကမ္ဘာ့သမိုင်းကို တစ်မျိုးတစ်ဖုံပြောင်းလဲနိုင်မယ်ဆိုတာကတော့ အသေအချာပါပဲ။ တကယ်တမ်းမှာ ဒီကစားပွဲက အနိုင်အရှုံးထက်စာရင် အထိအခိုက်အနည်းဆုံးနဲ့ ဘယ်လိုရုန်းထွက်နိုင်မလဲဆိုတဲ့ပုစ္ဆာကို အဖြေရှာနေကြတာနဲ့ ပိုတူပါတယ်။ အမေရိကန်နဲ့တရုတ်ကြားမှာရှိနေတဲ့ အပြန်အလှန်သံသယစိတ်တွေက အီရန်စစ်ပွဲကြောင့် ပိုကြီးထွားလာသလို တစ်ဖက်မှာလည်း တစ်ကမ္ဘာလုံးက ဒီနိုင်ငံကြီးနှစ်နိုင်ငံရဲ့အဆုံးအဖြတ်ကို တုတ်တုတ်မျှမလှုပ်ဘဲစောင့်ကြည့်နေကြတာပါ။ ရှီကျင့်ဖျင်နဲ့ ဒေါ်နယ်ထရမ့်တို့ရဲ့ လက်ဆွဲနှုတ်ဆက်မှုနောက်ကွယ်မှာ ဘယ်လိုအကြံအစည်တွေရှိမလဲဆိုတာထက် သူတို့ဆုံးဖြတ်ချက်တစ်ခုချင်းစီက စွမ်းအင်တင်သွင်းရတဲ့ နိုင်ငံတွေအပေါ်မှာရော၊ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွေအပေါ်မှာပါ ဘယ်လောက်အထိ ရိုက်ခတ်မလဲဆိုတာ တကယ့်အချက်အချာပါပဲ။ ဒါကြောင့် မကြာခင်မှာ လုပ်ဆောင်မယ့် မဟာအင်အားကြီးနှစ်နိုင်ငံခေါင်းဆောင်တွေရဲ့တွေ့ဆုံဆွေးနွေးမှုဟာ သူတို့နှစ်နိုင်ငံကောင်းကျိုးထက် ကမ္ဘာ့ကောင်းကျိုးကို ပိုမိုဆောင်ကြဉ်းနိုင်ပါစေကြောင်း မျှော်လင့်နေမိပါတယ်။

**Ref: SCMP**

**ထက်မြတ်**



## ရုရှား-ဂျပန်ဆက်ဆံရေး ရေခဲခေတ်ကို ရောက်နေပြီဟု ရုရှားသံအမတ်ကြီးပြော

**တိုကျို၊ ဆက်ဆံရေး**

မကြာသေးမီနှစ်များအတွင်း ဂျပန်နိုင်ငံ၏ မူဝါဒများသည် ရုရှား-ဂျပန် ဆက်ဆံရေး၏ ကောင်းမွန်သော အခြေခံအုတ်မြစ်များကို ဖျက်ဆီးခဲ့သောကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ ရေခဲခေတ်အဆင့်သို့ ကျဆင်းသွားကြောင်း ဂျပန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး နီကိုလိုင်းနိုဒရက်က မေလ ၁၁ ရက်တွင် ပြောသည်။

စစ်ပြီးခေတ်တစ်လျှောက်လုံး မကြုံဖူးသော ဆက်ဆံရေးကျဆင်းမှုကို မြင်တွေ့နေရကြောင်းနှင့် ယူကရိန်းအရေးတွင် အနောက်အုပ်စု၏ ရုရှားနိုင်ငံအပေါ် ဆန့်ကျင်ရေးလမ်းစဉ်၌ ဂျပန်က ပူးပေါင်းပါဝင်ခြင်းကြောင့် ဆယ်စုနှစ်များစွာတိုင်တည်ဆောက်ခဲ့သော အပြုသဘောဆောင်သည့် အခြေခံများမှာ လုံးဝနီးပါးပျက်စီးသွားပြီဖြစ်ကြောင်း ရုရှားသတင်းဌာနတစ်ခုဖြစ်သည့် RIA Novosti နှင့် အင်တာဗျူးတွင် ၎င်းက ဆိုသည်။ ထို့ပြင် နှစ်နိုင်ငံအစိုးရအချင်းချင်း ပြန်လည်ဆက်သွယ်နိုင်စေရန် ဂျပန်နိုင်ငံအနေဖြင့် လက်ရှိရန်လိုနေသောသဘောထားများကို မဖြစ်မနေစွန့်လွှတ်ရန် လိုအပ်ကြောင်း သံအမတ်ကြီးက အလေးပေးပြောသည်ဟုသိရသည်။

**Ref: Xinhua**

## တောင်ကိုရီးယားက ရှေ့တန်းစစ်မျက်နှာများတွင် စက်ရုပ်များကိုအသုံးပြုရန် လေ့လာနေ



**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားတပ်မတော်၌ စစ်သည်အင်အား သိသိသာသာ လျော့နည်းလာသည့်ပြဿနာကိုဖြေရှင်းနိုင်စေရန် ရှေ့တန်းစစ်မျက်နှာများတွင် စက်ရုပ်များချထားအသုံးပြုနိုင်ရေးအတွက် Hyundai Motor နှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် စူးစမ်းလေ့လာလျက်ရှိကြောင်း သိရသည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနသည် နည်းပညာမြင့်သိပ္ပံကိုအခြေပြုသော တပ်မတော်တစ်ရပ်တည်ဆောက်ရန် Hyundai နှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးနေကြောင်း Bloomberg News သတင်းဌာနသို့ အတည်ပြုပြောထားခြင်းဖြစ်သည်။ ထိုစက်ရုပ်များကို ကင်းထောက်ခြင်း၊ ထောက်လှမ်းခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကဲ့သို့ တိုက်ခိုက်ရေးမဟုတ်သည့်ကဏ္ဍများတွင် အသုံးပြုရန်စဉ်းစားနေခြင်းဖြစ်သည်။

အသုံးပြုရန်လျာထားသည့်စနစ်များတွင် ခြေလေးချောင်းထောက်စက်ရုပ်၊ ဘီးလေးဘီးတပ် MobED နှင့် ခန္ဓာကိုယ်တွင်ဝတ်ဆင်နိုင်သည့် X-ble Shoulder အရန်ပစ္စည်းများ ပါဝင်သည်။ တောင်ကိုရီးယားနိုင်ငံသည် လူဦးရေဆိုင်ရာ အကျပ်အတည်းကြောင့် စစ်သည်အင်အားနည်းပါးမှုနှင့် ရင်ဆိုင်နေရချိန်တွင် တစ်ဖက်၌ ဒုံးကျည်ခြိမ်းခြောက်မှုများမြင့်တက်နေခြင်းကြောင့် ယခုကဲ့သို့ AI နည်းပညာအခြေပြု စက်ရုပ်စနစ်များတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာခြင်းဖြစ်ကြောင်းသိရသည်။

**Ref: Bloomberg**

## လောင်စာဆီသုံးစွဲမှု လျှော့ချရန်နှင့် ရွှေဝယ်ယူမှုထိန်းချုပ်ရန် မိုဒီတိုက်တွန်း

**နယူးဒေလီ၊ စွမ်းအင်**

နိုင်ငံခြားသုံးငွေကို ချွေတာနိုင်စေရန် ပြည်သူများအနေဖြင့် လာမည့်နှစ်အတွင်း လောင်စာဆီသုံးစွဲမှုများကို လျှော့ချရန်နှင့် ရွှေဝယ်ယူခြင်းကိုထိန်းချုပ်ရန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီက တိုက်တွန်းလိုက်သည်။

ထို့ပြင် နေအိမ်မှနေ၍အလုပ်လုပ်သည့် (Work-from-home) ယဉ်ကျေးမှုကို အားပေးသင့်ကြောင်းနှင့် ရုံးတက်ရုံးဆင်းသွားလာရာတွင်လည်း မော်တော်ယာဉ်များကို အတူတကွ မျှဝေစီးနင်းသည့်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း တီလန်ဂါနာပြည်နယ်၌ မေလ ၁၀ ရက် ညပိုင်းတွင် ကျင်းပသည့် လူထုစည်းဝေးပွဲတစ်ခု၌မိုဒီကပြောသည်။

အိန္ဒိယနိုင်ငံသည် ၎င်းတို့လိုအပ်သည့် ရေနံစိမ်း ၈၅ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းနေရသည့်အပြင် ကမ္ဘာ့အကြီးဆုံး ရွှေတင်သွင်းသည့် နိုင်ငံများထဲတွင်လည်း တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ အနောက်အာရှဒေသ၌ တင်းမာမှုများမြင့်တက်လာခြင်းနှင့်အတူ စွမ်းအင်ပြတ်လပ်မှုဖြစ်ပေါ်နေခြင်းဖြစ်သည်။

**Ref: Xinhua**

## အမေရိကန်၏ ငွေကြေး အကူအညီအပေါ် မှီခိုနေရမှု အဆုံးသတ်သင့်ဟု နေတန်ယာဟုပြော


**ဂျေရုဆလင်၊ နိုင်ငံရေး**

အစ္စရေးနိုင်ငံအနေဖြင့် အမေရိကန်၏ ငွေကြေးအကူအညီများအပေါ် မှီခိုနေရမှုကို အဆုံးသတ်သင့်ကြောင်းနှင့် လာမည့်ဆယ်စုနှစ်အတွင်း အပြီးတိုင်ဖြတ်တောက်နိုင်ရန် စီစဉ်နေကြောင်း ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုကပြောသည်။

CBS သတင်းဌာန၏ 60 Minutes အစီအစဉ်နှင့် အင်တာဗျူးတွင် အမေရိကန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်ဆံရေးကို ပြန်သုံးသပ်ပြီး အစမှပြန်စရန်အချိန်တန်ပြီလားဟူသောမေးခွန်းကိုနေတန်ယာဟုက "ဟုတ်ပါတယ်။ ဒါကို သမ္မတထရမ့်ကိုရော ပြည်သူတွေကိုပါပြောခဲ့ပြီးပြီ" ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် အမေရိကန်နိုင်ငံနှင့်စစ်ရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍရှိ ဘဏ္ဍာရေးဆိုင်ရာအစိတ်အပိုင်းများကို သုညအဆင့်ထိ လျှော့ချလိုပြီး လာမည့် ၁၀ နှစ်အတွင်း အပြီးသတ်ရမည်ဟု နေတန်ယာဟုက ပြောထားခြင်းဖြစ်သည်။ **Ref: RT**

## အီရန်၏ သန့်စင်ပြီးယူရေနီယံများကို သိမ်းယူမည်ဟု ထရမ့်ကတိပြု




**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အဓိကတောင်းဆိုချက်တစ်ခုဖြစ်သော အီရန်၏သန့်စင်ပြီးယူရေနီယံများကို တစ်ချိန်ချိန်တွင်သိမ်းယူမည်ဟု ကတိပြုလိုက်ကြောင်းသိရသည်။ အင်တာဗျူးတစ်ခုတွင်အမေရိကန်အနေဖြင့် အီရန်၏ နျူကလီးယားများကိုမရရှိသေးသည့်အခြေအနေအပေါ် မေးမြန်းရာတွင် ထရမ့်က "ကျွန်တော်တို့လိုချင်တာမှန်သမျှ တစ်ချိန်ချိန်ရမှာပါ" ဟု ပြန်ဖြေခဲ့ခြင်းဖြစ်သည်။

ထိုနေရာများကို အာကာသတပ်ဖွဲ့ဖြင့် စောင့်ကြည့်နေပြီး မည်သူမဆိုအနားကပ်လာပါက သိရှိဖျက်ဆီးပစ်မည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။ အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့သည် အီရန်နိုင်ငံ၏ နျူကလီးယားလက်နက်ထုတ်လုပ်မှုကို ကြိုတင်တားဆီးရန်ဟူသော အကြောင်းပြချက်ဖြင့် ဖေဖော်ဝါရီလနှောင်းပိုင်းတွင် စစ်ပွဲကိုစတင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ နောက်ဆုံးအဆိုပြုချက်၌ အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်မထုတ်လုပ်ရန်၊ ယူရေနီယံသန့်စင်မှုအားလုံးကိုရပ်တန့်ရန်နှင့် သိုလှောင်ထားသည့်ယူရေနီယံများကိုစွန့်လွှတ်ရန် တောင်းဆိုထားသည်။ ရုရှားနိုင်ငံအနေဖြင့် အဆိုပါပစ္စည်းများကိုဖယ်ရှားရာတွင် ကူညီမည်ဟု ကမ်းလှမ်းထားသော်လည်း အီရန်ဘက်က ၎င်းတို့၏ယူရေနီယံများကို လွှဲပြောင်းရန် ငြင်းဆိုထားကြောင်းသိရသည်။

**Ref: RT**

## အီရန်၏ကမ်းလှမ်းချက်ကို ထရမ့်ငြင်းပယ်ပြီးနောက် ရေနံဈေးနှုန်းများမြင့်တက်လာ

**တိုကျို၊ ရေနံဈေးနှုန်း**

အရှေ့အလယ်ပိုင်းစစ်ပွဲအဆုံးသတ်ရန် အီရန်နိုင်ငံ၏ တောင်းဆိုချက်များကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြင်းပယ်လိုက်ပြီးနောက် မေလ ၁၁ ရက် အာရှဈေးကွက်အဖွင့်တွင် ရေနံဈေးနှုန်းများ မြင့်တက်လာကြောင်းသိရသည်။

သမ္မတထရမ့်က အီရန်နိုင်ငံ၏ တုံ့ပြန်ချက်သည် လုံးဝလက်ခံနိုင်စရာမရှိကြောင်း ပြောလိုက်ပြီးနောက် ဟော်မုရေလက်ကြားမှတစ်ဆင့် ရေနံထောက်ပံ့မှုပြတ်တောက်နိုင်ခြေပိုမိုမြင့်မားလာခြင်းဖြစ်သည်။ ထို့ပြင် အီရန်နိုင်ငံအနေဖြင့် ရန်သူ့ရှေ့မှောက်တွင် ဒူးထောက်မည်မဟုတ်ဘဲ ဆွေးနွေးမှုသည် အရှုံးပေးခြင်းမဟုတ်ကြောင်း အီရန်သမ္မတ မာဆွတ်ပီဇက်ရှကီယန်က မေလ ၁၀ ရက်တွင်တုံ့ပြန်ခဲ့သည်။ ထို့နောက် နှစ်နိုင်ငံ၏ တင်းမာသောသဘောထားများကြောင့် ပဋိပက္ခသည်လျင်မြန်စွာပြေလည်မည့်အစား မရေရာမှုများ ပိုမိုရှည်ကြာလာနိုင်ကြောင်း MUFG ဘဏ်မှ လွိုက်ချန်းက သုံးသပ်ထားသည်။

ယခုသီတင်းပတ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့၏ ထိပ်သီးဆွေးနွေးပွဲတွင် အီရန်စစ်ပွဲက အဓိကဆွေးနွေးစရာဖြစ်လာဖွယ်ရှိသည့်အပြင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးကလည်း တရုတ်နိုင်ငံ၌ ဒုတိယဝန်ကြီးချုပ် ဟီလိုင်ဖန်းနှင့်တွေ့ဆုံရန် စီစဉ်ထားသည်။

**Ref: AGC**



# အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၉)နှင့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၃) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၁

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၉) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ကေတုမတီခန်းမ၌ကျင်းပရာ အဆင့်မြင့်အရာထမ်းများအား နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို



ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ တိုင်းဒေသကြီး ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၌ စီမံခန့်ခွဲမှုတာဝန်ထမ်းဆောင်နေသည့် သိရှိပြီး စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာဆောင်ရွက်တတ်စေရန်၊ နိုင်ငံတော်၏ အဆင့်မြင့်တာဝန်များကို အောင်မြင်စွာ သယ်ပိုးထမ်းရွက်နိုင်သည့် အနာဂတ် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရေး ရည်ရွယ်လေ့ကျင့်ပေးသည့် သင်တန်းဖြစ်ကြောင်း ပြောကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၉)ကို မေလ ၁၁ ရက်မှ ဇူလိုင်လ ၃ ရက်အထိ သင်တန်းသား ၂၇ ဦး၊ သင်တန်းသူ ၂၂ ဦး စုစုပေါင်း ၄၉ ဦးဖြင့် ရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

နံနက် ၉ နာရီတွင် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁၃)၏ သင်တန်းဖွင့်ပွဲကို ရတနာသိင်္ခ ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ ဦး၊ သင်တန်းသူ ၄၄၈ ဦး စုစုပေါင်း ၄၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၁၁ ရက်မှ ဇွန်လ ၁၂ ရက်အထိ ရက်သတ္တပါတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



# တောင်ငူဒေသအတွင်း တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

တောင်ငူ မေ ၁၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူဒေသအတွင်း တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် နေပူကုန်းလမ်းရှိလုပ်ငန်းရှင်ဦးကိုကိုနိုင်၏ ငရုတ်သီးအမှုန့်မျိုးစုံလုပ်ငန်း၊ ရွှေဟင်္သာ (၂)ရပ်ကွက်ရှိ "မိဘမေတ္တာ" မှျစ်ချို/မှျစ်ချဉ်စားသောက်ကုန်လုပ်ငန်းတို့ကိုသွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် တောင်ငူမြို့နယ် ကံရိုးကျေးရွာအုပ်စု အင်းပုတ်ကျေးရွာနေ မွေးမြူရေးလုပ်ငန်းရှင် ဦးသန့်စင်၏ ဥစားဘဲကောင်ရေ ၅၀၀၀ ကို သဘာဝအတိုင်း ဒေသအစာဖြင့်မွေးမြူထားရှိမှု၊ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်း ၁၃၀/၂ ရှိ 24 Hour Co.,Ltd. ၏ သီဟိုဠ်ခြံများအတွင်း သီးညှပ်အနေဖြင့် ရိုဘတ်စတာကော်ဖီ ၁၆၈ ဧက စိုက်ပျိုးအောင်မြင်နေမှုနှင့်ထပ်မံစိုက်ပျိုးသွားမည့် ကော်ဖီပျိုးပင်များကို ကြည့်ရှုအားပေးခဲ့ပြီး ပျိုးထောင်ပြီးကော်ဖီပျိုးပင်များ ယခုမိုးရာသီအတွင်း အပြီးစိုက်ပျိုးဆောင်ရွက်နိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

(၄၁၀)

# အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၂)နှင့် အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၃)တို့၏ သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် မေ ၁၁

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှကြွယ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က နိုင်ငံတစ်ခု စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရ၏မူဝါဒများကို ဦးဆောင်အကောင်အထည်ဖော်ရသည့် အဆင့်မြင့်အရာရှိကြီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနိုင်ရန်၊ စည်းကမ်း၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် ယခုကဲ့သို့ သင်တန်းများကို ဖွင့်လှစ် လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၂၇ ဦး၊ သင်တန်းသူ ၂၁ ဦး၊ စုစုပေါင်း ၄၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၃) သင်တန်းဖွင့်ပွဲကို ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၈၇ ဦး၊ သင်တန်းသူ ၃၃၇ ဦး စုစုပေါင်း ၄၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၁၁-၅-၂၀၂၄ ရက်နေ့ ခါတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၂၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ခါတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄°C / ၃၃°C |
| ရန်ကုန် | ၂၄ °C / ၃၅°C |
| မန္တလေး | ၂၂°C / ၂၇°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကလေးမြို့ရှိ MSME လုပ်ငန်းရှင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ၊ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးနေမှုကြည့်ရှု




မုံရွာ မေ ၁၁

ကလေးမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို ယမန်နေ့ညနေပိုင်းက ကလေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများ ကုန်ပစ္စည်းတိုးတက်ထုတ်လုပ်နိုင်ရန်နှင့် အခက်အခဲများရှိပါက ဆွေးနွေးတင်ပြပြီး မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက လုပ်ငန်းအခြေအနေများကိုရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား/ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးနဲမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း စာသင်ဆောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး

မိုးနဲ မေ ၁၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည်ယနေ့နံနက်ပိုင်းတွင်နမ့်စန်ခရိုင်မိုးနဲမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းရှိ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် စာသင်ဆောင်ဟောင်းနှင့် တိုးချဲ့စာသင်ကျောင်းဆောင် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လင်းခေးမြို့ ပုန်းထွန်ကျေးရွာအုပ်စု ပန်ကျိုင်းကျေးရွာအနီး ဆိုလာလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ်(၃၀) ဆောင်ရွက်မည့်နေရာနှင့် လျှပ်စစ်တာဝါတိုင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လင်းခေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး လင်းခေးခရိုင်နှင့် မောက်မယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လင်းခေးမြို့နယ် နမ့်တိန်းချောင်းပေါ်တွင် ဆိုလာစနစ်ဖြင့် ချောင်းရေတင် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# လုပ်ငန်းရှင်များ၊ တောင်သူများနှင့် Rice Export Zone အကောင်အထည်ဖော်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းသည် မေလ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနဌာန အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ Rice Export Zone (REZ)များ ထူထောင်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းရှင်များ၊ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှထောက်ပံ့လှူဒါန်းသည့် Drum Seeder ၅၀ နှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှထောက်ပံ့သည့် သဘာဝမြေဩဇာများကို တောင်သူများထံ ပေးအပ်သည်။

အရည်အသွေးကောင်းမွန်သော ဆန်များပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြင့်ရရှိစေရန်နှင့် စပါးစိုက်တောင်သူများအတွက် အခွင့်အလမ်းကောင်းများ ရရှိစေရန်ရည်ရွယ်၍ နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် Rice Export Zone (REZ)များ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြဝတီ**

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၁၁

၂၀၂၆ ခုနှစ် မေလ ၁၁ ရက် မွန်းလွဲ ၂ နာရီ ၆ မိနစ် ၃၅ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၇၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စေတုတ္တရာမြို့၏အနောက်-အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၈ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၅ ဒသမ ၀ (M)အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

**အမည်ပြောင်း**
မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ တရော်ကုန်းရပ်ကွက်၊ ပြည်လမ်းနေ အဘ ဦးညီနိုင် ၈/မသန(နိုင်)၁၁၉၈၅၁ ၏သမီး မပိုးမို့စံမီအား မပိုးမို့စိုပြေဟု ပြောင်းလဲခေါ်ဆိုပါရန်။ မပိုးမို့စိုပြေ

**ပျောက်ဆုံးကြောင်း**
ဦးမိုးစိန်(ဘ)ဦးချစ်စိန် ၇/ဖမန(နိုင်)၀၉၈၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နေကြည်လင်း(ဘ)ဦးထွန်းအောင် ၁၄/ဝခမ(နိုင်)၂၈၀၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
တိုးလွင်(ဘ)ဦးသန်းအောင် ၁၂/ဗတထ(နိုင်)၀၂၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ယဉ်မင်းအောင်(ဘ)ဦးသန့်ဇင် ၁၂/မဂတ(နိုင်)၀၀၀၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၄၀၉၄၄၁

**ပျောက်ဆုံးကြောင်း**
သန်းငြိမ်းဝင်း(ဘ)ဦးတင်ညွှန့် ၁၄/ညတန(နိုင်)၁၄၁၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၈၄၆၆၁၉

**ပျောက်ဆုံးကြောင်း**
ကျူးစင်းအောင်(ဘ)ဦးကျူးဖူးပေါင် ၁၃/ကကန(နိုင်)၀၀၃၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 524454)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သာဌေး(ဘ)ဦးစိန်မောင် ၇/လပတ(နိုင်)၁၃၂၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဒိုးရှင်းမုန်(ဘ)စိန်ရှင်းဇမ်း ၄/တတန(နိုင်)၀၆၀၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၀၂၂၈၉၂

**ပျောက်ဆုံးကြောင်း**
ဇင်မာဝင်း(ဘ)ဦးဝင်းဇော်မိုး ၁၂/မဂဒ(နိုင်)၁၄၈၃၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်းရုံးဝန်ထမ်းအိမ်ရာနေ မခင်မြန်မာ ၉/ပဥလ(နိုင်)၀၃၇၁၂၇ ၏ဖခင် ဦးတင်စိုး(ခ)ဦးတင်စိုးဦး ၉/မမန(နိုင်)၀၁၂၆၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးတင်စိုး(ခ)ဦးတင်စိုးဦး

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ညောင်ဝိုင်းကြီးအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ စောဘေးလေဂရေး၏ဖခင်စောကပေါ်မူး(ခ)စောပလောမူး ၁၄/အမန(နိုင်)၁၈၇၅၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ စောကပေါ်မူး(ခ)စောပလောမူး

**ပျောက်ဆုံးကြောင်း**
ကျော်ဇင်ဝင်း(ဘ)ဦးကျော်ဦး ၁၄/ဖပန(နိုင်)၂၇၆၀၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့နေ သဉ္ဇာဦး(ဘ)ဦးထွန်း ၇/ညလပ(နိုင်)၂၃၄၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကဝမြို့နေ ကျော်သက်အောင်(ဘ)ဦးနိုင်နိုင်ဦး ၇/ကဝန(နိုင်)၁၉၄၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ အ.လ.က(ခွဲ) ဝါးရုံကုန်းကျောင်းမှ အထွေထွေလုပ်သား ဦးမင်းလွင် ၇/ညလပ(နိုင်)၁၀၀၈၀၈ ၏ဖခင်အမည်မှန်မှာ ဦးစံကွီး ၇/ညလပ(နိုင်)၀၅၅၇၉၆ ဖြစ်ပါကြောင်း။ ဦးစံကွီး

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**
ရဲသီဟ(ဘ)ဦးမြင့်စိန် ၇/ကဝန(နိုင်) ၁၇၈၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၃၁၁၈၇၀

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးလှငွေ**
**အသက်(၈၃)နှစ်**
ကိုစောထွန်း၏ဖခင်ဖြစ်သူ ဦးလှငွေသည် ၁၁-၅-၂၀၂၆(တနင်္ဂနွေနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ
ကျောင်းဆင်းများနှင့် မိသားစုများ

**ဦးလှငွေ**
**အသက်(၈၃)နှစ်**
**လပွတ္တာမြို့**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုခဒဂုံအိမ်ရာနေ ဒေါ်ဥတ္တမနန္ဒီ(ဒေါ်စန်းဝင်း)၏ ဒါယကာ၊ ဦးဝင်းစိုး+ဒေါ်သီတာမျိုး၊ ဗိုလ်မှူးကြီးစောထွန်း+ဒေါ်နီနီဝင်း၊ ဦးဝဏ္ဏမိုး+ဒေါ်သင်းသင်းဆွေ၊ ဒေါ်သန့်စုစုထွေး၊ ဦးအောင်သူရဖြိုး+ဒေါ်သက်သက်လှိုင်၊ ဗိုလ်မှူးရဲထွန်းမင်း+ဒေါ်နန်းကျော့သွင်စိုးတို့၏မွေးသဖခင်၊ မြေးခုနစ်ယောက် မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၂၆(တနင်္ဂနွေနေ့)ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁:၃၀ နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်း ခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများ ကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်း များ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထား ပါ။ မှန်ပြတင်းများအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန် ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

### လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြု လိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီး တွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သော ကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တု ပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

### လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

၈

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေ ခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျော့ကျစေခြင်း။
- အိမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကိုလျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# ညောင်ဦးခရိုင်၌ နွေရာသီအခြေခံအင်္ဂလိပ်စာ ပန်းချီနှင့်စစ်တုရင်သင်တန်းများဆင်းပွဲကျင်းပ



ညောင်ဦး မေ ၁၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံအင်္ဂလိပ်စာ၊ ပန်းချီနှင့်စစ်တုရင်သင်တန်းများဆင်းပွဲအခမ်းအနားကို မေလ ၁၁ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ နွေရာသီသင်တန်းများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

အဆိုပါနွေရာသီအခြေခံအင်္ဂလိပ်စာ၊ ပန်းချီနှင့်စစ်တုရင်သင်တန်းများကို နှစ်လခွဲကြာ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဒီပါလင်း**

# ပခုက္ကူမြို့၌ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး နည်းပြသင်တန်းဖွင့်လှစ်

ပခုက္ကူ မေ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ စီမံချက်လုပ်ငန်းများစီမံခန့်ခွဲရေးယူနစ်မှ ဖွင့်လှစ်သော ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၁၁ ရက်တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ခံ ဦးဝဏ္ဏကြိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲရေးယူနစ်မှ မန်နေဂျာ ဒေါ်သီတာထွန်းက ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပြန်လည်လက်ဆင့်ကမ်းဖြန့်ဝေနိုင်ရန်၊ ကျောင်းသား၊ ကျောင်းသူများပါဝင်လာပြီး အချင်းချင်းမျှဝေခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းများရရှိလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသားဆရာ၊ ဆရာမ ၃၀ ဦးအား မေလ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှ သင်တန်းနည်းပြများ၊ ပခုက္ကူခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ စီမံချက်ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မယ်ခွေ**

# မုဒုံမြို့နယ်၌ တောင်သူများအတွက် မျိုးသန့်မျိုးပွားမျိုးစေ့ (Rs)များပေးအပ်

မုဒုံ မေ ၁၁

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် မိုးစပါးစိုက်ပျိုးမည့် မျိုးစေ့ထုတ်တောင်သူများအတွက် မျိုးသန့်မျိုးပွားမျိုးစေ့(Rs) ပေးအပ်ပွဲအခမ်းအနားကို မေလ ၁၁ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ပြည်နယ်အတွင်း နှစ်စဉ်စပါးဧက ခုနစ်သိန်းကျော်၊ ရော်ဘာဧက ငါးသိန်းကျော်နှင့် ဥယျာဉ်ခြံသီးနှံများကို အဓိကစိုက်ပျိုး၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုပေးအပ်သည့် မျိုးသန့်မျိုးပွားမျိုးစေ့(Rs)များသည် အရည်အသွေးကောင်းမွန်သော မျိုးစေ့ထုတ်လုပ်မှုတိုးတက်စေရေးအတွက် အရေးပါသည့်အထောက်အပံ့တစ်ရပ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယပြည်နယ်ဦးစီးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဘဲရမ်းကျေးရွာ၌ မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်မည့်တောင်သူ ၁၇ ဦးအား မိုးစပါး(ပေါ်ဆန်းရင်)မျိုးစေ့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

# ကြံခင်းမြို့မရဲစခန်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်

ကြံခင်း မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့မရဲစခန်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မေလ ၁၀ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ကြံခင်းမြို့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇံနှင့် ဒုတိယရဲမှူး လှခိုင်တို့က အမှာစကားများပြောကြားကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်ကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှုကို ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရဲတပ်ဖွဲ့ဝင်များက လက်တွေ့လုပ်ဆောင်ကြသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုများကို ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇံ၊ ဒုတိယရဲမှူး လှခိုင်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။



ယင်းနောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အခမ်းအနားသို့တက်ရောက်လာကြသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# နွေသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်းဆောင်ရွက်

ကျောက်ဆည် မေ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် ဇော်ဂျီဆည်ရေသောက်စနစ်၊ တူးမြောင်းမကြီးနှင့် လက်တံမြောင်းများမှ စိုက်ပျိုးရေပေးဝေမှုများကို ယခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ရေအလေအလွင့်နည်းပါးစွာဖြင့် ဆည်ရေများရယူအသုံးပြုနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းကာ ရေပေးဝေမှုကို စနစ်တကျဆောင်ရွက်ခဲ့ခြင်းကြောင့် စုစုပေါင်း စိုက်ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံရှိ ဇော်ဂျီရေသောက်စနစ်တွင် မေလ ၁၀ ရက်က သိုလှောင်ရေဧကပေ ၅၁၄၈၉ သိုလှောင်ထားရှိသဖြင့် အဆိုပါဆည်ရေကိုအသုံးပြုကာ နွေစပါးနှင့် နွေသီးနှံမျိုးစုံ စိုက်ဧကများအတွက် စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည့်အပြင် လာမည့်မိုးစပါးပျိုးထောင်ရေများ ပေးဝေရာတွင်လည်း လုံလောက်မှုရှိကြောင်း သိရသည်။

ဆက်လက်၍ ဇော်ဂျီဆည်ရေသောက်စနစ်အတွင်း နှစ်စဉ်ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးနှင့် ဆည်ရေပေးဝေမှုစနစ်များ ကောင်းမွန်စေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့်ရေပေးတူးမြောင်းအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး တူးမြောင်းစနစ်များ၊ လယ်ကြားမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် အမှိုက်နှင့် ချုံနွယ်များရှင်းလင်းခြင်း ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ဌာနမှ တာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်း၍ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



# ပြိုင်ဘက်လန်ဒန်ကလပ်အသင်းအားလုံးကို ရှုံးနိမ့်သည့် ပထမဆုံးအသင်းအဖြစ် ဝက်စ်ဟမ်းအသင်းမှတ်တမ်းဝင်



လန်ဒန် မေ ၁၁

ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၆)အဖြစ်ကစားသည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်၌ ၁ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ပြိုင်ဘက်လန်ဒန်ကလပ်အသင်းအားလုံးကိုရှုံးနိမ့်သည့် ပထမဆုံးလန်ဒန်ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး ပြိုင်ဘက်လန်ဒန်ကလပ်အသင်းများဖြစ်သည့် ဘရန့်ဖို့ဒ်အသင်းကို ၃ ဂိုး – ဂိုးမရှိ၊ ချယ်လ်ဆီးအသင်းကို ၃ ဂိုး – ၂ ဂိုး၊ ဖူလ်ဟမ်အသင်းကို ၁ ဂိုး – ဂိုးမရှိ၊ ခရစ္စတယ်ပဲလေ့စ်အသင်းကို ၂ ဂိုး – ၁ ဂိုး၊ စပါးအသင်းကို ၃ ဂိုး – ဂိုးမရှိ၊ အာဆင်နယ်အသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့် ပြိုင်ဘက်လန်ဒန်ကလပ်အသင်းတိုင်းကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဝက်စ်ဟမ်းအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၃၆ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၆ မှတ်ဖြင့် တန်းဆင်းဇုန်ဖြစ်သည့် အဆင့်(၁၈)နေရာ၌ ရပ်တည်နေပြီး အာဆင်နယ်အသင်းကို ရှုံးနိမ့်ပြီးနောက် ရာသီအကုန်တွင် တန်းဆင်းရရန် ပိုမိုနီးစပ်လာခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ လက်ကျန်ပွဲစဉ်နှစ်ပွဲအဖြစ် နယူးကာဆယ်အသင်း၊ လိဒ်အသင်းတို့နှင့်ကစားရမည်ဖြစ်ပြီး အဆိုပါနှစ်ပွဲအနိုင်ရရှိလျှင်လည်း စပါးအသင်းရလဒ်ပိုင်းကို ကြည့်ရမည်ဖြစ်ကာ စပါးအသင်းသည် လက်ကျန်ပွဲစဉ်အားလုံးအနိုင်ရရှိမည်ဆိုပါက ဝက်စ်ဟမ်းအသင်းအနေဖြင့် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Livescore.com*

# စပါးအသင်း၏ သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို အဓိကခံစစ်ကစားသမား ဗန်ဒီဗင်ပယ်ချ

လန်ဒန် မေ ၁၁

စပါးအသင်းက အဓိကခံစစ်ကစားသမား ဗန်ဒီဗင်အား သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ဗန်ဒီဗင်သည် ၂၀၂၃ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ စပါးအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးဗဟိုခံစစ်ကစားသမားများထဲမှ တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

စပါးအသင်းက အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် နောက်ထပ်စာချုပ်ချုပ်ဆိုပြီး အသင်း၌ ဆက်လက်ထိန်းထားလိုသော်လည်း ဗန်ဒီဗင်ကိုယ်တိုင်က စပါးအသင်း၏ ရလဒ်ဆိုးများကြောင့် အသင်းမှ ထွက်ခွာလိုနေခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေမှုကြောင့် အမှတ်ပေးဇယားအဆင့် (၁၇) နေရာ၌ ရပ်တည်နေပြီး တန်းဆင်းဇုန်ဖိအားများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဗန်ဒီဗင်နှင့် စပါးအသင်းတို့ စာချုပ်သက်တမ်းမှာ သုံးနှစ်ကျန်ရှိသေးသော်လည်း ယခုဘောလုံးရာသီအကုန်တွင် စပါးအသင်းတန်းဆင်းရမည်ဆိုပါက ဗန်ဒီဗင်က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေခြင်းဖြစ်သည်။

စပါးအသင်းမှ ထွက်ခွာလိုနေသည့် ဗန်ဒီဗင်အား ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများအပြင် စပိန်ထိပ်သီး ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

ဗန်ဒီဗင်သည် ယခုဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၂ ပွဲကစားပြီးချိန်၌ ခုနစ်ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြလျက်ရှိကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# အမေရိကန်အသင်း တိုက်စစ်ကစားသမားပူလီဆစ် ခြေထောက်ကြွက်သားဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ဖွယ်ရှိ



ဝါရှင်တန် မေ ၁၁

အမေရိကန်အသင်းနှင့် အေစီမီလန်အသင်း တိုက်စစ်ကစားသမားပူလီဆစ်သည် လေ့ကျင့်ရေးအစီအစဉ်တွင်ရရှိသည့် ခြေထောက်ကြွက်သားဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်ဖြစ်သည့်အတွက် အမေရိကန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

ပူလီဆစ်သည် အသင်းလေ့ကျင့်ရေးအစီအစဉ်တွင်ရရှိခဲ့သည့် ခြေထောက်ကြွက်သားဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်ဖြစ်သည့်အတွက် အေစီမီလန်အသင်းနှင့်အတူ ယခုဘောလုံးရာသီ လက်ကျန်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည့်အပြင် အမေရိကန်အသင်းနှင့်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကစားရန် မရေမရာဖြစ်လာခြင်းဖြစ်သည်။

ပူလီဆစ်သည် အမေရိကန်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားပြီး အေစီမီလန်အသင်းတွင်လည်း အရေးပါသည့်ကစားသမားအဖြစ် ခြေစွမ်းပြနေသူဖြစ်ကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၂ ပွဲကစားရာ ၁၀ ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားသူဖြစ်သည်။ ပူလီဆစ်သည် ဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်ဖြစ်သဖြင့် အေစီမီလန်အသင်းအပြင် အမေရိကန်အသင်းအတွက်ပါ နစ်နာခဲ့ရသည်။

ပူလီဆစ်သည် အမေရိကန်အသင်း၌ ၂၀၁၆ ခုနှစ်က စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၈၄ ပွဲပါဝင်ကစားခဲ့ကာ ၃၂ ဂိုးသွင်းယူထားသူဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန်မှာ တစ်လကျော်သာကျန်ရှိတော့ပြီး ပူလီဆစ်အနေဖြင့် တစ်လခန့်အနားယူရမည်ဖြစ်သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲကစားရန် မရေရာသည့်အခြေအနေများနှင့်တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဇွန်လ ၁၂ ရက်မှ စတင်ပြီး အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့က သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အမေရိကန်အသင်းသည် အုပ်စု(D)၌ ဩစတြေးလျအသင်း၊ ပါရာဂွေးအသင်း၊ တူကီယဲအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဇွန်လ ၁၃ ရက်တွင် ပါရာဂွေးအသင်းနှင့် စတင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လီဗာပူးအသင်းက နည်းပြသစ်အဖြစ် အလွန်ဆိုအား ခန့်အပ်ရန် ဆွေးနွေးနေ

လန်ဒန် မေ ၁၁

လီဗာပူးအသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး နည်းပြသစ်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း အလွန်ဆိုအား ခန့်အပ်ရန် ဆွေးနွေးနေကြောင်း သိရသည်။

နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် အောင်မြင်မှုများရရှိခဲ့ပြီး ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများရရှိသော်လည်း အသင်းမှကစားသမားများနှင့် ဆက်ဆံရေးတင်းမာမှုများရှိလာပြီး ရာသီဝက်ကာလတွင် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည်လည်း ယခုဘောလုံးရာသီတွင် နည်းပြဆလော့လက်အောက်၌ ရလဒ်များမတည်မငြိမ်ဖြစ်နေသည့်အတွက် ရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး နည်းပြသစ်အဖြစ် အသင်းမှ ကစားသမားဟောင်းတစ်ဦးဖြစ်သည့် အလွန်ဆိုအား ခန့်အပ်ရန် အသင်းတာဝန်ရှိသူများက ဆက်သွယ်ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန် တည်ဆောက်ရေးလုပ်ငန်း(၁)ခု၊ အခြားရုံးသုံးစက်ပစ္စည်း(၁၃)မျိုး၊ ရုံးသုံးစက်ပစ္စည်း(၁၈)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း(၂၃)မျိုး တို့အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၇-၅-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း)

တင်ဒါပုံစံရောင်းချမည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)

တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် -
(၁) တည်ဆောက်ရေးလုပ်ငန်းနှင့် အခြားရုံးသုံးစက်ပစ္စည်းများအတွက် ၂-၆-၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ
(၂) ရုံးသုံးစက်ပစ္စည်းများအတွက် ၄-၆-၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ
(၃) ရုံးသုံးပရိဘောဂပစ္စည်းများအတွက် ၅-၆-၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ

တင်ဒါဖွင့်လှစ်မည့်နေ့ရက် -
(၁) တည်ဆောက်ရေးလုပ်ငန်းနှင့် အခြားရုံးသုံးစက်ပစ္စည်းများအတွက် ၂-၆-၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၃၀)နာရီ
(၂) ရုံးသုံးစက်ပစ္စည်းများအတွက် ၄-၆-၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၃၀)နာရီ
(၃) ရုံးသုံးပရိဘောဂပစ္စည်းများအတွက် ၅-၆-၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၃၀)နာရီ

တင်ဒါဖွင့်လှစ်မည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တည်ဆောက်ရေးလုပ်ငန်း၊ အခြားရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးစက်ပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၁၈၂၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့လည်းကောင်း၊ ရုံးသုံးပရိဘောဂပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၁၈၅၉၀(ပစ္စည်း-၁ ဌာနစိတ်)သို့လည်းကောင်း ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စာပေမြင့်မှ
## လူမျိုးတင့်မည်

### မွေးသက္ကရာဇ်အမှန်
မြစ်ကြီးနားမြို့နယ်၊ ရမ်ပူရပ်ကွက်၊ အိမ်အမှတ်(၁၉/၁၂၈)နေ အဘ ဦးလောအိုက်၏သား မောင်မိုင်းရင် ၁/ဝမန(နိုင်)၀၄၆၀၁၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၆-၁၉၈၅ ဖြစ်ပါကြောင်း။ ၁၂-၆-၁၉၈၅

### ပျောက်ဆုံးကြောင်း
တင်မာဝင်း(ဘ)ဦးအောင်တင့် ၉/မခန(နိုင်)၂၄၅၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဝင်းသီရိဝင်း(ဘ)ဦးမောင်ဝင်း ၁၂/မဂတ(နိုင်)၁၈၇၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 672314)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နိုင်လင်းငွေ(ဘ)ဦးကျော်ဝင်း ၈/နမန(နိုင်)၁၉၁၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၄၁၄၄၄၅

### ပျောက်ဆုံးကြောင်း
သင်းသင်းကြည်(ဘ)ဦးရန် ၁၂/တမန(နိုင်)၀၇၁၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တံတားအထူးအဖွဲ့(၁၆)
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## တင်ဒါအမှတ် ၁/ ၂၀၂၆-၂၀၂၇

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၆)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ငှားရမ်း/သယ်ယူပို့ဆောင်မည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီနှင့်လုပ်ငန်းရှင်များ လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၂-၅-၂၀၂၆)ရုံးချိန်အတွင်း

၃။ တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - (၂၅-၅-၂၀၂၆)(၁၆:၀၀)နာရီ

၄။ တင်ဒါရွေးချယ်မည့် ရက်/အချိန် - (၂၈-၅-၂၀၂၆)နံနက်(၁၀:၀၀)နာရီ

၅။ တင်ဒါလျှောက်လွှာ ရောင်းမည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြိုးတံတားအနီး)

၆။ တင်ဒါစိစစ်ရွေးချယ် မည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြိုးတံတားအနီး)

၇။ တင်ဒါလျှောက်လွှာပုံစံ၊ လုပ်ငန်းသုံးပစ္စည်း၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၉-၄၂၀၇၇၆၁၅၆၊ ၀၉-၂၆၅၀၂၉၉၅၃၊ ၀၉-၄၂၂၄၅၆၉၇၇၊ ၀၉-၄၀၇၅၁၅၃၃၄၊ ၀၉-၅၃၇၀၅၉၄၊ ၀၉-၄၂၅၀၁၃၃၈၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၆)**

## မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)(၁/ ၂၀၂၆)

၁။ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါမီးသတ်စခန်းတွင် (၃)ခန်းတွဲ (၅)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းအုပ်စု | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| Lot-1 | ချမ်းအေးသာစံမြို့နယ်မီးသတ်စခန်း(၄၈'x၅၀'x၆၀')(၃)ခန်းတွဲ (၅)ထပ် ဝန်ထမ်းအိမ်ရာ | (၁)လုံး |

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် (၂၃-၄-၂၀၂၆)ရက်နေ့မှ(၂၂-၅-၂၀၂၆) ရက်နေ့အထိ ရုံးချိန်အတွင်း

၃။ တင်ဒါလျှောက်လွှာ တင်သွင်းရန်နောက်ဆုံးရက် (၂၂-၅-၂၀၂၆)ရက်နေ့(၁၆:၀၀)နာရီ

၄။ တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ ၂၉x၈၁ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊

၅။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ၀၂-၄၀၆၀၇၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ - (၉-၅-၂၀၂၆)မှ(၂၂-၅-၂၀၂၆)ထိ
(ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် - (၂၂-၅-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက် - (၂၆-၅-၂၀၂၆)ရက်၊ (ခန့်မှန်း)
(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ
(င) တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း

| | | | |
|---|---|---|---|
| Lot(1) | သံလုံးသံချောင်းဆိုဒ်စုံ | - | ၃၀၀၀၀ ကျပ် |
| Lot(2) | သံနှင့်သံမဏိပစ္စည်း H-Beam I-Beam များ | - | ၁၅၀၀၀ ကျပ် |
| Lot(3) | Hollow နှင့် Truss တိုင်များ | - | ၁၀၀၀၀ ကျပ် |
| Lot(4) | 120 W LED မီးလုံး | - | ၁၅၀၀၀ ကျပ် |
| Lot(5) | မီးကြိုး | - | ၁၀၀၀၀ ကျပ် |
| Lot(6) | Solar, Battery, Inverter | - | ၁၀၀၀၀ ကျပ် |
| Lot(7) | Transformer | - | ၁၀၀၀၀ ကျပ် |
| Lot(8) | မီးစက် | - | ၁၅၀၀၀ ကျပ် |
| Lot(9) | LED မီးပွိုင့်နှင့်ဆက်စပ်ပစ္စည်း | - | ၁၀၀၀၀ ကျပ် |
| Lot(10) | CCTV Camera | - | ၁၀၀၀၀ ကျပ် |
| Lot(11) | Relay & Breaker | - | ၅၀၀၀ ကျပ် |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၇၉၈၅၄၄၉၁၅၊ ၀၉-၄၄၄၀၀၈၂၂၀၊ ၀၉-၄၀၂၆၅၇၅၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## VENUS CAPITAL COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

"VENUS CAPITAL COMPANY LIMITED" သည် နောက်ဆုံးအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မေလ၊ (၁၉)ရက်၊ နေ့လယ်(၃:၀၀)နာရီအချိန်တွင် NO.192, KABAR AYE PAGODA ROAD, LEVEL 20, MYANMAR CENTER TOWER 1, BAHAN TOWNSHIP, YANGON REGION. တွင် ကျင်းပမည်ဖြစ်၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်အတူ စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဒေါ်ဖြူဖြူငြိမ်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### ပျောက်ဆုံးကြောင်း
ယဉ်မေဖြူ(ဘ)ဦးထိန်ဝင်း ၅/တမန(နိုင်)၀၅၈၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သိမ့်သဇင်ကျော်(ဘ)ဦးကျော်ငွေ ၇/သဝတ(နိုင်)၁၂၄၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၁၁၀၇၇၂

### အမည်ပြောင်း
အ.ထ.က(၁၆)နေပြည်တော်၊ Grade-6 မှ အဘ ဦးမြတ်သူအောင် ၁၂/ကမတ(နိုင်)၀၆၀၀၀၈ ၏သား မောင်စွမ်းဇင်သူအား ယနေ့မှစ၍ မောင်ထက်ပြည့်စုံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထက်ပြည့်စုံ**

### ပျောက်ဆုံးကြောင်း
အိရွှေစင်အောင်(ဘ)ဦးသိန်းနိုင် ၁၂/သလန(နိုင်)၁၉၈၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 199146)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၄၀၈၅၄၄

### ပျောက်ဆုံးကြောင်း
ဆုမြတ်ပို(ဘ)ဦးကျော်ထင်သူ(ခ)ကျော်ထင်လင်း ၅/ကလထ(နိုင်)၃၁၄၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၅၅၈၀၀၃၆

### အမည်ပြောင်း
အထက(ခွဲ)အလက(၄)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-4 မှ ဦးအောင်ကျော်သူ ၁၄/လပတ(နိုင်)၁၆၆၄၅၃ ၏သမီး မယွန်းမြတ်သူအား မအင်ကြင်းမိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအင်ကြင်းမိုး**

### ပျောက်ဆုံးကြောင်း
သန့်ဇင်ဦး(ဘ)ဦးအုန်းသန်း ၇/လပတ(နိုင်)၁၃၉၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဇော်နိုင်ဝင်း(ဘ)ဦးသန်းဝင်း ၁၁/တကန(နိုင်)၁၀၆၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၅၉၉၂၀၉

### ပျောက်ဆုံးကြောင်း
စည်သူစိုး(ဘ)ဦးကျော်စိုးအောင် ၇/ကဝန(နိုင်)၂၄၄၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဦးဘော်လုံး(ဘ)ဦးကြားလေး ၃/ဘအန(နိုင်)၂၀၄၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 058204)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ချောစုလှိုင်(ဘ)ဦးစိုးကြည် ၇/ပမန(နိုင်)၁၄၀၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၃၀၈၂၈၃

### ပျောက်ဆုံးကြောင်း
မျိုးစန္ဒီကျော်(ခ)လက်ချမီး(ဘ)ဦးထွန်းရွှေ ၁၂/သခန(ပြု)၀၀၄၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၁၉၁၁၄၆

## အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်
## စာရင်းရှင်းလင်းဖျက်သိမ်းဆဲ

၁။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ "MYANMAR HAN JITONG POWER TECHNOLOGY CO.,LTD" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၅-၄-၂၀၂၆)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် အရာရှိအဖြစ် ဒေါ်ရီရီအောင် B.Com,C.P.A(84)၊ အမှတ်(၁၆၄)၊ ဒုတိယထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားရန်ဆုံးဖြတ်ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို (၁၅-၅-၂၀၂၆)ရက်ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရီရီအောင်**
**B.Com, C.P.A(84)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### ပျောက်ဆုံးကြောင်း
မျိုးဝင်း(ဘ)ဦးကနက် ၅/ပလန(နိုင်)၁၃၃၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
မိုးဟန်နီကို(ဘ)ဦးသိန်းစိုး ၁၂/ဒဂဆ(နိုင်)၀၃၆၆၃၀ ၏ နိုင်ငံသားစိစစ်ရေးကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ရန်နောင်(ဘ)ဦးခင်ဝင်း ၁၀/မလမ(နိုင်)၂၁၃၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၅၀၁၉၅၄၃

### ပျောက်ဆုံးကြောင်း
အောင်ဘုန်းမြတ်(ဘ)ဦးသီဟဇော် ၁၂/ပဇတ(နိုင်)၀၄၄၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

# တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ**မူရင်းနှင့် မိတ္တူ(၃)စောင်စီ**ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသောကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း(၄၃၂၀၀ိ/-ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀ိ/-ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀ိ/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar




အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com




STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ဝိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
SHWE PHE OO Lemon Tea
PYIN OO LWIN NAN MYAIN
KHA YAE PIN MART




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ဆိုင်ကယ်တာယာ
သုံးဘီးဆိုင်ကယ်တာယာ
ကားတာယာ
LIGHT TRUCK TYRE
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း (၉)ကြိမ်မြောက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်မိန့်ခွန်းပြောကြား





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း (၉)ကြိမ်မြောက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော်　မေ　၁၁

မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းတာဝန်များသိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့်အိန္ဒိယတပ်မတော်တို့ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာသင်တန်း UN Peacekeeping Officer Course ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ PARKROYAL ဟိုတယ်၌ ပြုလုပ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ➢

# နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA၊ TNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၀ ဦး၊ အမျိုးသမီး ၄၂ ဦး၊ စုစုပေါင်း ၇၂ ဦးတို့ ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်




အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော်　မေ　၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ **စာမျက်နှာ ၁၇ ကော်လံ ၁ ➲**

# လေဖိအားနည်းရပ်ဝန်းပိုမိုအားကောင်းလာနိုင်




နေပြည်တော်　မေ　၁၁

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံမြောက်ပိုင်းကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

